# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၅)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၄–၃–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်



**နေပြည်တော် မတ် ၂၃**

(၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သောဌာနများမှ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Prof.Celeste Saulo က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်တို့ကို ပြသပြီး ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၀–၀–၀–၀–၀

၂၀၂၅ ခုနှစ် ၊ မတ် ၂၄ ရက်၊ တနင်္လာနေ့။

မန္တလေး

# ဝါးအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ဝါးသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် လွန်စွာအကျိုးပြုနိုင်သည်။ အကျယ်အဝန်း ပမာဏချင်း တူညီသောဝါးတောသည် သစ်တောထက် ကာဗွန်ကို ပိုမိုစုပ်ယူနိုင်ပြီး အောက်ဆီဂျင်ကို ပိုမိုထုတ်လုပ်ပေးနိုင်သည့်အတွက် လေထုသန့်စင်မှု ပိုမိုကောင်းမွန်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံအတွင်းရှိ အခြားသောပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်၊ ရော်ဘာအခြေခံသည့် တန်ဖိုးမြှင့်ထုန်ကုန်လုပ်ငန်းများ ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်နိုင်ရေး အကောင်ထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားကြောင်း၊ ဝါးမှ ဝါးလက်မှုထုတ်ကုန်၊ ဝါးမီးသွေး၊ ဝါးရှာလကာရည်၊ မျှစ်ချဉ်၊ မျှစ်ခြောက်နှင့် ဝါးနှင့်ပြုလုပ်သည့် အသုံးအဆောင်ပစ္စည်းများ စသည့်ဝါးအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ပြီး ဈေးကွက်တိုးတက်ရရှိစေရေးအတွက် တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် လုပ်ငန်းအစီအမံများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအသိပညာ၊ နည်းပညာများ ဖော်ထုတ်မျှဝေပေးနိုင်ရေးအတွက် ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝါးအခြေပြုတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အသိပညာ၊ နည်းပညာပေးဆွေးနွေးပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝါးစိုက်ပျိုးရေးအသင်း၊ လက်မှုအနုပညာအသင်းများနှင့်တကွ သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကလည်း ဝါးအခြေပြုတန်ဖိုးမြှင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ပြီး ဈေးကွက်တိုးတက်ရရှိစေရေးအတွက် တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် လုပ်ငန်းအစီအမံများ၊ Valued Added ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အသိပညာ၊ နည်းပညာများ၊ အထောက်အကူပြုအချက်များကို ဖော်ထုတ်ဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများက မျှစ်နှင့် ဝါးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်သည့် လုပ်ငန်းငယ်များ ထူထောင်နိုင်ရေး ပံ့ပိုးဆောင်ရွက်မည့်အစီအစဉ်များ၊ ဝါးတန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီပေးမှုများ၊ ပျော့ဖတ်စက္ကူထုတ်လုပ်မှုဆိုင်ရာ သိကောင်းစရာများ၊ ဝါးမှတန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ဝါးမီးသွေး၊ ဝါးရှာလကာရည် စသည့်လူသုံးကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

သို့ဖြစ်ရာ ဝါးသည် သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေပြီး စီးပွားလည်းဖြစ်ထွန်းနိုင်သည်။ အလွယ်တကူပြုစုပျိုးထောင်နိုင်သည့် အပင်လည်းဖြစ်ရာ ဝါးဝင်များကို တစ်နိုင်တစ်ပိုင် တစ်အုပ်တစ်မမှသည် စီးပွားဖြစ်ဝါးစိုက်ခင်း၊ ဝါးတော၊ ဝါးဥယျာဉ်များ တည်ထောင်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝါးအခြေပြုတန်ဖိုးမြှင့်ထုန်ကုန်များ ထုန်လုပ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ




**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ ညနေပိုင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ပြန်/ဆက် ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်များ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးရိုးမွန်က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဝန်ထမ်းများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသူများက အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၅၆)**

ဝ-ဝ-ဝ-ဝ-ဝ

## ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ ရေစင်၊ ဆိုလာ၊ စက်ရေတွင်း ဖွင့်ပွဲကျင်းပ




**ပျော်ဘွယ် မတ် ၂၃**

ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ရေစင်၊ အလှူရှင်မှလှူဒါန်းခဲ့သည့် စက်ရေတွင်းအသုံးပြုရန် ဆိုလာမီးပေးစနစ်နှင့် စက်ရေတွင်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ငွေးဇီးကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ရေစင်၊ ဆိုလာနှင့် စက်ရေတွင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုး၊ အဖွဲ့ဝင် ဦးခင်မောင်ညွှန့်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မျိုး၊ အလှူရှင် ဦးဇော်ပိုက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုးက စက်ရေတွင်းအသုံးပြုရန်အတွက် ဆိုလာမီးပေးစနစ်နှင့် စက်ရေတွင်းအလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့သည်။ ရေစင်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်(၁၅ ဒသမ ၁၅)သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရေတွင်းအသုံးပြုရန် ဆိုလာမီးပေးစနစ်နှင့် (၄) လက်မအကျယ်၊ အနက် (၇၆၀)ပေရှိ စက်ရေတွင်းအား အလှူရှင် လှူဒါန်းငွေကျပ်(၂၅၃) သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## နှမ်းသီးနှံ စံပြကွက်များ ဖြစ်ပေါ်လာရေး ကွင်းဆင်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ



**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ယခုနှစ်ရေရရှိမှုပေါ်မူတည်၍ နှမ်းသီးနှံကို အများဆုံးစိုက်ပျိုးနိုင်မည်ဟုသိရှိရသောကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးမည့်နှမ်းခင်းများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့်စံပြကွက်များ ဖြစ်ပေါ်စေရေးတို့အတွက် မတ်လအတွင်း နေ့စဉ်ကွင်းဆင်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကွင်းဆင်းပညာပေးရာတွင် နှမ်းစိုက်ပျိုးမည့် တောင်သူများအား ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးလာစေရေး၊ ဘောင်တင်စိုက်မရသောနေရာများတွင် ရေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် မိုးကြောင်းများ စိတ်စိတ်ပေးခြင်း၊ ရေသွင်းရေထုတ်မြောင်းများ တူးဖော်စိုက်ပျိုးစေခြင်းဖြင့် နှမ်းသီးနှံ စံပြကွက်များဖြစ်ပေါ်လာရေးအပေါ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိတ်ဘက်တောင်သူများနှင့် ပူးပေါင်း၍ ဘောင်တင်နှမ်းများ စိုက်ပျိုးပြသခြင်း၊ နှမ်းမျိုးယှဉ်ပြိုင်ကွက်များဆောင်ရွက်ပြသခြင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နှင့်ပူးပေါင်း၍ နှမ်းမျိုးသစ်များ စမ်းသပ်စိုက်ပျိုးပြသခြင်း အပြင် တောင်သူများအားအသိပညာပေးပို့စတာအနေဖြင့် နှမ်းသီးနှံများပန်းတိုင် အထွက်နှုန်းရရှိဖို့ ဘောင်ကြီးတင်စနစ်ဖြင့်စိုက်ကြစို့ စာတန်းပါအသိပညာပေးပို့စတာများကိုလည်း စိုက်ထူအသိပေးထားကြောင်းစိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသီဟ(အမရ)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရား ဖူးမြော်ပြီး ယွန်းပညာကောလိပ် လေ့လာ

ညောင်ဦး မတ် ၂၃

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ကြည်ညိုစဉ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ဘုရားကြီးသမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး (အောက်ပုံ) ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဘုရားကြီးပုံတော်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။





ထို့နောက် ယွန်းပညာကောလိပ်(ပုဂံ)သို့ ရောက်ရှိရာ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီးက ကောလိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယွန်းပညာကောလိပ်ကျောင်းသားကျောင်းသူများ၏ ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ယွန်းလက်မှုပစ္စည်း အရောင်းဆိုင်များကို လည်းကောင်း၊ ဦးဘငြိမ်း ယွန်းပစ္စည်း အရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။ (အပေါ်ပုံ)

မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

သတင်းစဉ်

# ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ် ကောင်းမွန်စေရန် ရှေ့ပြေးဥပဒေရုံး ၁၈ ရုံးအပြင် မဟာဗျူဟာစီမံကိန်း (၂၀၂၅ – ၂၀၂၉)အရ ရှေ့ပြေးဥပဒေရုံးများကို တိုးချဲ့တည်ထောင်သွားမည်

နေပြည်တော် မတ် ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေ အရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန၌ တွေ့ဆုံသည်။ (ယာပုံ)



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယမြောက် မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉)ကို "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" "Building Legal Trust for the People" ဖြင့် ပန်းတိုင် ၅ ရပ်၊ မဟာဗျူဟာအစီအစဉ် ၆၁ ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံကိန်းအရ ဥပဒေအသိပညာဆိုင်ရာ ဒီပလိုမာဘွဲ့သင်တန်းနှင့် တက္ကသိုလ် ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များအတွက် ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ Grade- 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ်ထည့်သွင်းပို့ချနိုင်ရန် ဆောင်ရွက်ခြင်း၊ e-library တည်ထောင်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများကိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်နိုင်ရေးအတွက် Grade-11၊ Grade-12 ဆရာဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းပေါင်း ၃၁၀၁၀၂ ဦးကို ဗဟုသုတဖြန့်ဝေနိုင်ခဲ့ကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေးမြင့်မားရေးဆိုင်ရာ သင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူလူထုအကြား ဥပဒေဗဟုသုတ အသိပညာများ အလွယ်တကူပျံ့နှံ့နိုင်စေရန်နှင့် ဥပဒေဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီစေရန် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးပြီးဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်အရ ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဥပဒေအနှစ်ချုပ် လက်ကိုင်စာအုပ်များ ပြုစု၍ သင်ရိုးညွှန်းတမ်းရေးဆွဲပြုစု သင်ကြားပို့ချရန်၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေး အစီအမံများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိစွာ အသုံးပြုရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေ(မူကြမ်း)များကို စိစစ်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ၁၇-၁-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အမှုလိုက်ဥပဒေအရာရှိများ၏ အရည်အသွေး တိုးတက်ရေးအတွက် အချင်းချင်း အသိပညာဖလှယ်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ် စီမံခန့်ခွဲမှုစနစ်(case management) ကောင်းမွန်စေရန် ရှေ့ပြေးဥပဒေရုံး ၁၈ ရုံးအပြင် မဟာဗျူဟာစီမံကိန်း (၂၀၂၅ – ၂၀၂၉)အရ ရှေ့ပြေးဥပဒေရုံးများကို တိုးချဲ့တည်ထောင်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်

# "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ထိုင်းနိုင်ငံခြားရေး ဒုတိယဝန်ကြီးဟောင်း Mr.Sihasak Phuang-ketkeow ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာစဉ်။

ရန်ကုန် မတ် ၂၃

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့မှ သက်ဆိုင်ရာ နိုင်ငံများသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့မှ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ယနေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး မတ် ၂၄ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နှစ် (၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်

နေပြည်တော် မတ် ၂၃

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့က ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကြည်ညို

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုမေဓာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရခဲ့ရပါသည်-









အမျိုးသား

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာဆိုရင် ဂန္ဓကုဋီတိုက်၊ ကျောက်စာရုံ နောက်ပြီး ရေပန်းကို သွားရောက်လေ့လာမိပါတယ်။ အခုလို ပင်ပန်းနွမ်းနယ်နေတဲ့ ကြားကနေပြီးတော့ ကျွန်တော်တို့ ဗဟုသုတတိုးပွားအောင်လို့ သွားရောက်လည်ပတ်ဖြစ်အောင် လိုက်လံပို့ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ယခု နှစ်(၈၀)ပြည့် တပ်မတော်နေ့မှ နောင်နှစ်ပေါင်းများစွာ တိုင်အောင် တပ်မတော်ကြီး အဓွန့်ရှည်တည်တံ့ပါစေလို့ ပြောချင်ပါတယ်။

အမျိုးသမီး

အခုလိုမျိုး ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ဘုရားကို လာဖူးရတဲ့အတွက်ရယ်၊ အရင်တုန်းကလည်း မဖူးဖူးဘူးဆိုတာကြောင့်ရယ် အခုလိုပထမဦးဆုံးအနေနဲ့ ဖူးရတာဆိုတော့ ကိုယ့်နိုင်ငံအတွက်လည်း အလွန်ဂုဏ်ယူမိပါတယ်။ ဗဟုသုတတွေလည်း အများကြီးရတယ်။ နှစ် (၈၀) ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး လေ့လာရေးခရီးတွေ ပို့ဆောင်ပေးတဲ့ အကြီးအကဲ တွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

အမျိုးသား

ကျွန်တော်တို့ အောင်ဆန်းစစ်ကြောင်း အဖွဲ့ကနေပြီးတော့ ဒီဘုရားကို လာပြီးဖူးတာပါ။ ဘုရားကလည်း တအားသပ္ပာယ်ပြီးတော့ ကြည်ညိုဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့ အားလုံး ပီတိလည်းဖြစ်ရပါတယ်။ နိုင်ငံတော် အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို တကူးတက အခုလိုမျိုး လေ့လာရေး ခရီးအနေနဲ့ အမှတ်တရတွေ၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓနဲ့ဆိုင်တဲ့ စာပေကျမ်းဂန်တွေကို လေ့လာခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ နှစ် (၈၀) ပြည့် တပ်မတော်နေ့မှသည် နောက်လာမည့် နှစ်ဆက်တိုင်းဆက်တိုင်း မြန်မာ့တပ်မတော် နေ့ရက်တိုင်းမှာ တည်တံ့ခိုင်မာပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်ကြီး ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

သတင်းစဉ်

## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်၊ ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးပေး

မန္တလေး မတ် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ မတ် ၁၀ ရက် နံနက်ပိုင်းက ဆေးရုံတက်၍ ခွဲစိတ်ကုသမှုခံယူခဲ့သော နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ထွန်းရွှေအား မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူး ဒေါက်တာ အောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မောင်မောင်သန်းတို့က နေအိမ်သို့သွားရောက်၍ ကျန်းမာရေး ထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ကျန်းမာရေး မေးမြန်း အားပေးစကားများပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၇၀)နှစ်အထက် ဆရာဝန်ကြီးများ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ အခမဲ့အသင်းဝင်နိုင်ကြောင်း သိရသည်။ (၀၄၅)

☆ စာမျက်နှာ ၂၄ မှ

ပြိုင်ပွဲကာလရောက်ရင် အသင်းကောင်းတစ်သင်းဖြစ်နေဖို့ လိုပါတယ်။ ခြေစမ်းပွဲမှာ ကစားသမားတွေ စွမ်းဆောင်မှုကို အတန်အသင့် ကျေနပ်ပေမယ့် တချို့တွေမှာ လိုအပ်မှုရှိနေပါသေးတယ်၊ အခုလို ခြေစမ်းပွဲတွေ စီစဉ်ပေးတဲ့ MFF တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့မှာ ဆက်လက်ပြင်ဆင်သွားမယ့် ခြေစမ်းပွဲတွေနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေရှိနေပြီး သေချာအာရုံစိုက် ပြင်ဆင်သွားပါမယ်"ဟု မြန်မာ ယူ-၂၂ နည်းပြချုပ် ကူရိုက ပြောသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အာဆီယံချန်ပီယံရှစ်နှင့် ဆီးဂိမ်းစ်ပြိုင်ပွဲများ၊ အာရှခြေစစ်ပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ (NGB)

## ၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပွဲ မြန်မာနှင့် အာဖဂန်နစ္စတန် အမျိုးသားလက်ရွေးစင် အသင်းတို့ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲစဉ်အဖြစ် အုပ်စု (E) မှ မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန် လက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲကို မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်



# မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား (၃၁)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး မတ် ၂၃**

သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား သက်တော်(၁၄၂)နှစ်ပြည့်ကို ရည်မှန်း၍ ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်(၁၄၃)ပါးတို့အား (၃၁)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ်တွင် ယနေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ ချမ်းအေးသာစံမြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မိုး ကောင်းတိုက်၊ သုံးထပ်စာချကျောင်းဆရာတော် ဘဒ္ဒန္တဝိစုရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆရာတော်၊ သံဃာတော် (၁၄၃)ပါးအား ဆွမ်းဆန်စိမ်းများလောင်းလှူကြသည်။



မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရားစေတီတော်ကို သီပေါဘုရင်မင်းမြတ်က သက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်နေ့တွင် သံတောင် တစ်တောင်လျှင် တစ်ပေခွဲရှိပြီး သံခုနစ်တောင်ထား၍ ခုနစ်ရက်ဖြင့် အပြီးတည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် တပေါင်းလဆန်း (၁၁)ရက်နေ့တွင် ရွှေထီးအထွတ်တင်လှူတော်မူခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# နှစ်(၈၀)ပြည့် တပ်မတော်နေ့အကြိုအထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြစ်သား မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club အသင်းတို့ ပူးပေါင်းကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့အကြိုအထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က နှစ်(၈၀)ပြည့် တပ်မတော်နေ့အကြိုအထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ လူငယ်လူရွယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်နိုင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်စေရန်၊ စိတ်ပိုင်းဆိုင်ရာ အထောက်အကူပြုနိုင်စေရန် စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး Youth Club အသင်း အတွင်းရေးမှူး ဒိုင်လူကြီး ဆရာကြီး ဦးဇော်သိန်းက စစ်တုရင်ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ပြောကြားခဲ့သည်။ ထို့နောက် မြို့ပေါ်(၆)ရပ်ကွက်မှ စစ်တုရင်ဝါသနာရှင် ပြိုင်ပွဲဝင် (၁၄)ဦးတို့သည် မဲနှိုက်စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စစ်တုရင်ပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁) ဗိုလ်မှူး ဘိုဘိုအောင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ၊ ကြီးကြပ်ရေးဒိုင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

၀-၀-၀

# ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိတ္ထီလာ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ ကျေးရွာများတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၀၉၆ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာနှင့် လယ်ကွက်အမှတ်(၈၃၁-၈၃၂)သို့ ဆက်သွယ်သော ကုန်ထုတ်လမ်းအရှည် ၀/၆ ဒသမ ၈၂ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ပေ ၉လက်မရှိ မြေသား+ဂျင်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ပေ၊ ထု ၃ ပေရှိ Slab Culvert (၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာတွင် အရှည် ၁/၅မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ပေ ၉ လက်မရှိ မြေသား+ဂျင်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ပေ၊ ထု ၃ ပေရှိ Slab Culvert (၃)စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည့်ဝကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဝမ်းတွင်းမြို့နယ် ပျားစွဲ(န)ကျေးရွာကွင်းအမှတ်(၁၂၇)သို့ သွားသော အရှည် ၁/၅မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မရှိ မြေသား+ဂျင်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ပေ၊ ထု ၃ ပေရှိ Slab Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းကို Myanmar New Power ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းများ အထောင်အထည်ဖော်ဆောင်ရွက်ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၂၁၀၃ အိမ်၊ လူဦးရေ ၇၂၉၉ ဦး၏ စိုက်ပျိုးဧက ၁၀၅၂ ဧကနှင့် ၎င်းတို့ မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေ ၃၈၀၀ တို့အား အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း–စာမျက်နှာ ၅

















# စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး





**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့တွင်းလမ်းမကြီးများတွင် ယာဉ်အန္တရာယ်ကာကွယ်ရေးအတွက် ယာဉ်ကြောပြမျဉ်းများ၊ လမ်းဘေး ဝဲ၊ယာ ပလက်ဖောင်းကပ်တုံးများတွင် ဖြူနီကြား၊ ဝါနက်ကြား ဆေးလိုင်းများ ရေးဆွဲခြင်း၊ လမ်းဘေး ဝဲ၊ယာ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု၊ အပတ်စဉ်မြို့တွင်းလမ်းများအား ရေဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က လိုက်ပါရှင်းလင်းတင်ပြသည်။ မြို့တော်ဝန်က ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် လမ်းအလိုက် ဘေး ဝဲ၊ယာတွင် ဒေသမျိုးရင်း ရောင်စုံပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးပေးရန်၊ သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဂရုစိုက်ဆောင်ရွက်ပေးရန်တို့ကို ဖြည့်စွက်မှာကြားပြီးနောက် အစိုးရဧည့်ဂေဟာလမ်းတစ်လျှောက် ရောင်စုံပန်းအလှစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)ရှိ ဂဲလောင်းချောင်းတစ်လျှောက် ဘေးနှစ်ဖက်တွင် တစ်ဖက်လျှင်(၁၀၄၀ ပေ × ၁၂ ပေ × ၆ လက်မ)ထု ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီးမှု စုစုပေါင်း အရှည် ပေ ၂၀၈၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က ဂဲလောင်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းနံရံများအား ကျောက်ရိုးစီလုပ်ငန်းနှင့် ယခုအခါ ဘေး ဝဲ၊ယာ လမ်းနှစ်ဖက်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းဆောင်ရွက်ခြင်းလုပ်ငန်း ပြီးစီးသွားပြီဖြစ်၍ လမ်းအားရေရှည်ကောင်းမွန်အောင် စနစ်တကျထိန်းသိမ်းသွားရေးနှင့် မြောင်းအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများမရှိအောင် ကြပ်မတ်ဆောင်ရွက်သွားရေး ကိစ္စရပ်များကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိနှင့် အဖွဲ့အား မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန်းရွှေစက်တော်ပွဲတော်ကာလအတွင်း အငြိမ့်၊ ဇာတ်သဘင်၊ တေးဂီတများနှင့် နိုင်ငံကျော်အနုပညာရှင်များ ပျော်ပြေ



**မင်းဘူး မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ပွဲတော်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက် ညများတွင် နှစ်ညတိုင်တိုင် ဖျော်ဖြေတင်ဆက်ခဲ့ရာ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့သို့ ဖျော်ဖြေတင်ဆက်ရာတွင် မန်းရွှေစက်တော်ဘုရားသောင်ပြင်အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်၌ မတ် ၁၈ ရက်နှင့် ၁၉ ရက် ညများတွင် ည ၈ နာရီမှစတင်ပြီး ဘုရားဖူးအပန်းဖြေလာရောက်ကြသူများနှင့် ဒေသခံများအား "မင်းထွေး"ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး အငြိမ့် ဇာတ်မင်းသား၊ မင်းသမီးများ၊ တေးသံရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက ရွှေခိုင်ဇော် မင်္ဂလာဆိုင်းဖြင့်တွဲဖက်၍ နှစ်ညတာ မြိုင်မြိုင်ဆိုင်ဆိုင် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ရာ ဖျော်ဖြေပွဲဒုတိယညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပန်းဖြေလာရောက်ကြသူများနှင့် ဒေသခံပြည်သူ တစ်သောင်းကျော်က တစ်ခဲနက် အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက် အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ)ရက်ပေါင်း (၇၅)ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွား လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(၅၀၀)**



## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ဆီးချိုရောဂါ၊နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

## ဝယ်လိုအားကောင်းမွန်မှုကြောင့် ပြောင်းဈေးနှုန်း ကောင်းမွန်နေပြီး မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်း သိသိသာသာပြောင်းလဲမှု မရှိ

**မန္တလေး မတ် ၂၃**

မန္တလေးဈေးကွက်အတွင်းတွင် ကုန်သည်များနှင့် သိုလှောင်သူများက ဝယ်ယူမှုကောင်းမွန်ခြင်းကြောင်း ပြောင်းဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ပြီး မတ်ပဲ၊ ပဲစင်းငုံမှာ ပြည်ပဝယ်ယူမှုရှိသော်လည်း ဈေးနှုန်းသိသိသာသာ ပြောင်းလဲမှုမရှိကြောင်း မန္တလေး ပွဲစားကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။

ပြောင်းဈေးနှုန်းမှာ မတ်လ ပထမသီတင်းပတ်တွင် ပြောင်းဖူး(ဗမာ)ငွေကျပ် ၈၁၀၀၀ မှ မတ်လ တတိယသီတင်းပတ်တွင် ငွေကျပ် ၈၂၀၀၀-၈၃၀၀၀၊ ပြောင်းဖူး(ရှမ်း) ငွေကျပ် ၈၄၀၀၀ မှ ငွေကျပ် ၈၅၀၀၀-၈၅၅၀၀ သို့ လည်းကောင်း အနည်းငယ်မြင့်တက်လာခဲ့ပြီး မတ်ပဲဈေးနှုန်းမှာ မတ်လတတိယသီတင်းပတ်တွင် ငွေကျပ် ၂၈၀၀၀၀-၂၈၃၀၀၀၊ ပဲစင်းငုံ ငွေကျပ် ၂၇၇၀၀၀-၂၈၀၀၀၀ ရှိနေပြီး ယခင်သီတင်းပတ် ဈေးနှုန်းနှင့် သိသိသာသာ ကွာခြားမှုမရှိကြောင်း သိရသည်။

"မတ်ပဲနဲ့ ပဲစင်းငုံ ကို အိန္ဒိယနိုင်ငံက လွတ်လပ်စွာ တင်သွင်းခွင့် တစ်နှစ်ထပ်မံ သက်တမ်းတိုးလိုက်တဲ့အတွက် ပိုမိုတင်ပို့နိုင်ပေမယ့် ကုန်သည်တွေက သကြံန်အရှိန်ကြောင့် ထင်တယ်၊ သိသိသာသာတင်ပို့တာမျိုးမလုပ်ကြဘူး၊ ဟိုဘက်ကလည်း ပုံမှန်လေးပဲဝယ်ယူနေတဲ့အတွက် ဈေးတန်းက မပြောင်းလဲတာပါ၊ နှမ်းကတော့ ခုရက်ပိုင်း ဈေးကောင်းနေတယ်"ဟု အဆိုပါအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြောင်းဈေးနှုန်းမှာ ထိုင်းနိုင်ငံ၏ အခွန်သက်သာခွင့်အပြင် အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ ဝယ်ယူမှုရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ပြောင်းလဲလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပြောင်း၊ မတ်ပဲ၊ ပဲစင်းငုံ ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း နှမ်းဈေးနှုန်းများမှာ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ဒုတိယသီတင်းပတ်တွင် တစ်တန် ငွေကျပ် ၇၄၀၀၀၀ ကျော်မှ တတိယသီတင်းပတ်တွင် ငွေကျပ် ၇၆၀၀၀၀ ကျော် အထိ မြင့်တက်လာခဲ့ပြီး အရောင်းအဝယ် သွက်လက်လျက်ရှိသည်။

အခြားသော ပဲအမျိုးအစားများမှာ ယခုသီတင်းပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကုလားပဲ (V2) ငွေကျပ် ၂၃၃၀၀၀၊ ကုလားပဲ (V2) ငွေကျပ် ၂၅၀၀၀၀၊ ပဲတီစိမ်း (ညာ) ငွေကျပ် ၂၇၅၀၀၀၊ ပဲလွန်းဖြူ ငွေကျပ် ၂၃၅၀၀၀၊ ပဲလွန်းပြာ ငွေကျပ် ၁၉၅၀၀၀၊ ပဲကြီး(က) ငွေကျပ် ၂၇၅၀၀၀၊ ပဲထောပတ် ငွေကျပ် ၃၂၀၀၀၀၊ ပဲဖီးကွက် ငွေကျပ် ၂၅၀၀၀၀ နှင့် မြေတောက်ပဲ ငွေကျပ် ၂၈၀၀၀၀ အသီးသီးရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အိုးပင်းအေအိုင်နှင့် မယ်တာကုမ္ပဏီမှ တာဝန်ရှိသူများ အိန္ဒိယနိုင်ငံရှိ ရီလိုင်းယန့်စ်ကုမ္ပဏီနှင့် သီးသန့်ဆွေးနွေး




**ဒေလီ မတ် ၂၃**

အမေရိကန်အခြေစိုက် အိုးပင်းအေအိုင်နှင့် မယ်တာကုမ္ပဏီမှ တာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံရှိ ရီလိုင်းယန့်စ်ကုမ္ပဏီနှင့် သီးသန့်ဆွေးနွေးပွဲများပြုလုပ်ကာ ၎င်းတို့၏ ဉာဏ်ရည်တုဝန်ဆောင်မှုများကို ချဲ့ထွင်ရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ မတ် ၂၂ ရက်က ဆွေးနွေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရီလိုင်းယန့်စ်နှင့် အိုးပင်းအေအိုင်တို့အကြား ချက်ဂျီပီတီ ဉာဏ်ရည်တုစနစ်ကို ဖြန့်ဖြူးရန် ပူးပေါင်းဆောင်ရွက်မှုအလားအလာကို အလေးထားဆွေးနွေးခဲ့ကြောင်း ယင်းကိစ္စရပ်နှင့် ရင်းနှီးကျွမ်းဝင်သူများက ရှင်းပြသည်။

အိုးပင်းအေအိုင်အနေဖြင့် ဝန်ထမ်းများ၏ ချက်ဂျီပီတီစာရင်းသွင်းခကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀ မှ ဒေါ်လာများစွာအထိ လျှော့ချရန် ဆွေးနွေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပြီး ရီလိုင်းယန့်စ်နှင့် ဈေးနှုန်းလျှော့ချရေးအကြောင်း ဆွေးနွေးခဲ့ခြင်း ရှိ၊မရှိနှင့်ပတ်သက်၍ သတင်းမထုတ်ပြန်ဘဲ ချန်လှပ်ခဲ့သည်။

ရီလိုင်းယန့်စ်သည် အိုးပင်းအေအိုင်၏မော်ဒယ်များကို ၎င်း၏လုပ်ငန်းသုံးဖောက်သည်များထံ အေပီအိုင်မှတစ်ဆင့် ရောင်းချရန် ဆွေးနွေးခဲ့ပြီး မူကက်ရှ်အမ်ဘာနီ ဦးဆောင်သော ကုမ္ပဏီအုပ်စုကြီးအနေဖြင့် အိုးပင်းအေအိုင်၏မော်ဒယ်များကို ဒေသတွင်းတွင် တည်ထောင်ခြင်းနှင့်လည်ပတ်ခြင်းအကြောင်း ဆွေးနွေးခဲ့သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ဒေသတွင်းဖောက်သည်များ၏အချက်အလက်များကို အိန္ဒိယနိုင်ငံအတွင်းသာ ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**



## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကျန်းမာရေးတိုးတက်ကောင်းမွန်လာ အဆုတ်ရောင်ရောဂါ မရှိတော့ဘဲ အနေအထားတည်ငြိမ်နေပြီ

**ရောမ မတ် ၂၃**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မတ် ၂၃ ရက်တွင် ရောမမြို့ရှိ ဂျမယ်လီဆေးရုံမှ ဆင်းခွင့်ပေးမည်ဖြစ်ပြီး ဗာတီကန်တွင် အနည်းဆုံး နှစ်လခန့် အနားယူရန် လိုအပ်သည်ဟု ၎င်းကို ကုသပေးနေသည့် ဆရာဝန်များက ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အဆုတ်ရောင်ရောဂါနှစ်မျိုးဖြစ်ပွားစေသည့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးကူးစက်မှုဖြင့် ဆေးရုံတင်ခဲ့သည်။

လွန်ခဲ့သောငါးပတ်အတွင်း ပုပ်ရဟန်းမင်းကြီး၏ အသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေနှစ်ကြိမ်ရှိခဲ့သော်လည်း ယခုအခါ အဆုတ်ရောင်ရောဂါ မရှိတော့ဘဲ ယခုအခါတွင် အနေအထားတည်ငြိမ်နေပြီဖြစ်ကြောင်း သိရသည်။

**Mon**

## တာလီဘန်ခေါင်းဆောင် ဆီရာဂျူဒင်ဟက်ကာနီကို အမေရိကန် ဆုငွေထုတ်ခြင်း ရုပ်သိမ်းလိုက်ပြီဟု ဆို

**ကဘူးလ် မတ် ၂၃**

တာလီဘန်ခေါင်းဆောင် ဆီရာဂျူဒင်ဟက်ကာနီကို ဖမ်းဆီးရန် သတင်းအချက်အလက်များအတွက် ဒေါ်လာ ၁၀ သန်း ဆုငွေချီးမြှင့်မည်ဟု ကြေညာထားခြင်းကို အမေရိကန်အစိုးရဘက်က မတ် ၂၂ ရက်တွင် ရုပ်သိမ်းလိုက်ပြီဟု အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းလုပ်ရပ်သည် တာလီဘန်က ကြာသပတေးနေ့က အမေရိကန်နိုင်ငံသားတစ်ဦးကို နှစ်နှစ်ကြာ ထိန်းသိမ်းထားပြီးနောက် လွှတ်ပေးလိုက်ခြင်းနှင့် ဆက်စပ်နေဖွယ်ရှိသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အာဖဂန်နစ္စတန်သို့ ခရီးသွားအဖြစ် လည်ပတ်နေစဉ် ပြန်ပေးဆွဲခံခဲ့ရသော ဂျော့ဂ်ဂလက်ဇ်မန်းကို လွှတ်ပေးခြင်းသည် ဇန်နဝါရီလမှစ၍ တာလီဘန်က အမေရိကန်အကျဉ်းသားကို တတိယအကြိမ်မြောက် လွှတ်ပေးခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်ဘက်က ထိုသို့အတည်ပြုကြေညာခဲ့သော်လည်း အက်ဖ်ဘီအိုင်အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဆုငွေထုတ်ခြင်းကို ဆက်လက်ဖော်ပြထားပြီး ဟက်ကာနီသည် အမေရိကန်နှင့် မဟာမိတ်တပ်များကို အာဖဂန်နစ္စတန်နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့ဖွယ်ရှိသည်ဟုလည်း ဖော်ပြထားကြောင်း သိရသည်။

**Mon**



## အမေရိကန် အာရုံကြောနည်းပညာကုမ္ပဏီ နျူရာလင့်မှ ချစ်ပ်ကိရိယာ ပထမဆုံးရရှိသူ နိုလန်းအာဘောက်ဖြစ်လာ

**ဝါရှင်တန် မတ် ၂၃**

လူ့ဦးနှောက်ထဲရှိ အတွေးများကို ကွန်ပျူတာညွှန်ကြားချက်များဖြင့် ဘာသာပြန်ပေးနိုင်သည့် ချစ်ပ်တစ်ခုရှိခြင်းသည် သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်လို ထင်ရနိုင်သော်လည်း နိုလန်းအာဘောက်အတွက် လက်တွေ့ကြုံနေရပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ခြေလက်အင်္ဂါလုံးဝလှုပ်မရခဲ့သော အသက် ၃၀ အရွယ် နိုလန်းအနေဖြင့် ရှစ်နှစ်အကြာတွင် အမေရိကန် အာရုံကြောနည်းပညာကုမ္ပဏီ နျူရာလင့်မှ ထိုကဲ့သို့သော ချစ်ပ်ကိရိယာ ပထမဆုံးရရှိသူဖြစ်လာခဲ့သည်။

ယခင်ကတည်းက အခြားကုမ္ပဏီများစွာတို့အနေဖြင့်လည်း ထိုကဲ့သို့သော ချစ်ပ်မျိုး တီထွင်ထုတ်လုပ်ပြီး လူသားများဖြင့် လက်တွေ့စမ်းသပ်ထည့်သွင်းခဲ့ကြသော်လည်း နိုလန်း၏ဖြစ်ရပ်သည် နျူရာလင့်တည်ထောင်သူ အီလွန်မတ်စ်ကြောင့် ပိုမိုစိတ်ဝင်စားမှု ရရှိခဲ့သည်။

မိမိပါဝင်စမ်းသပ်ခံနေသည့် ကိစ္စတွင် အန္တရာယ်များရှိသည်ကို သိရှိထားပြီးဖြစ်သော်လည်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကူညီနေတာပါဟု နိုလန်းက ထုတ်ဖော်ပြောကြားသည်။

အရာအားလုံးအဆင်ပြေခဲ့ရင် ကျွန်တော်ဟာ Neuralink ရဲ့ ပါဝင်သူတစ်ယောက်အဖြစ် ကူညီနိုင်မှာပါ။ အကယ်၍ မကောင်းတဲ့အရာတစ်ခုခုဖြစ်ခဲ့ရင် သူတို့အတွက် သင်ခန်းစာရမယ်ဆိုတာ ကျွန်တော်သိပါတယ်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**



ဗင်နီဇွဲလားနိုင်ငံ၊ မိုင်ကွက်ရှာမြို့ရှိ ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အမေရိကန်အစိုးရက ပြန်ပို့လိုက်သော တရားမဝင် နိုင်ငံကူးပြောင်းသူများ ယမန်နေ့က ဌာနေသို့ ပြန်လည်ရောက်ရှိလာကြစဉ်။

**Mon**



## ဒေါ်လာ ၇၆၉၅၀၀ တန် စိန်နားကပ်တစ်စုံ မြို့ချခဲ့သည့် သူခိုးတစ်ဦးထံမှ ပြန်လည်ရရှိ

**ဝါရှင်တန် မတ် ၂၃**

အမေရိကန်ပြည်ထောင်စု အော်လန်ဒိုရဲတပ်ဖွဲ့က လွန်ခဲ့သည့်ရက်သတ္တပတ် နှစ်ပတ်ကျော်က မြို့ချခဲ့သည်ဟု စွပ်စွဲခံရသူ သူခိုးတစ်ဦးထံမှ ဒေါ်လာ ၇၆၉၅၀၀ (ပေါင် ၅၉၇၀၀၀) တန်ဖိုးရှိ နားကပ်တစ်စုံကို ပြန်လည်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခိုးမှုဖြင့် စွပ်စွဲခံရသူ ဂျေသန်ဂီလ်ဒါ(၃၂ နှစ်)သည် ဖေဖော်ဝါရီ ၂၆ ရက်က ဖမ်းဆီးခံခဲ့ရပြီး ထိုအချိန်တွင် တီဖာနီအန်ဒီကို၏ စိန်နားကပ်များကို မြို့ချခဲ့သည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဂီလ်ဒါကို အော်လန်ဒိုဆေးရုံတွင် ရက်များစွာကြာသည်အထိ စောင့်ကြည့်ခဲ့ပြီး နောက်ဆုံးတွင် ခိုးယူပြီး မြို့ချထားသော နားကပ်များ ၎င်း၏ စအိုထဲမှ ထွက်ကျလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## တောင်ကိုရီးယားနိုင်ငံတွင် ကြုံတွေ့ရသော တောမီးအန္တရာယ်ကြောင့် မီးသတ်ဝန်ထမ်း အနည်းဆုံး သုံးဦးနှင့် အစိုးရဝန်ထမ်း တစ်ဦး သေဆုံး

**ဆိုးလ် မတ် ၂၃**

တောင်ကိုရီးယားနိုင်ငံတွင် တောမီးအန္တရာယ်ကြောင့် မီးသတ်ဝန်ထမ်း အနည်းဆုံး သုံးဦးနှင့် အစိုးရဝန်ထမ်း တစ်ဦး သေဆုံးခဲ့ရပြီး အရှေ့တောင်ဒေသများတွင် အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မီးဘေးသည် သောကြာနေ့မွန်းလွဲပိုင်းတွင် ဆန်ချောင်းခရိုင်၌ စတင်ခဲ့ပြီး မီးသတ်ဝန်ထမ်း ၃၀၄ ဦးနှင့် ရဟတ်ယာဉ် ၂၀ ကို စေလွှတ်ခဲ့ကြောင်း တောင်ကိုရီးယားပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တောင်ပိုင်းကျေးရွာ ၁၅ ရွာမှ နေထိုင်သူ ၂၀၀ ကျော်ကို ရွှေ့ပြောင်းခိုင်းခဲ့ပြီး မီးသတ်ဝန်ထမ်း သုံးဦးနှင့် အစိုးရဝန်ထမ်း တစ်ဦး စုစုပေါင်း လေးဦး သေဆုံးခဲ့သည်ဟု အတည်ပြုနိုင်ပြီဖြစ်ကြောင်း မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။




မတ် ၂၁ တစ်ရက်တည်းတွင် တောမီးလောင်မှု ၁၆ ကြိမ်ရှိခဲ့ကြောင်း တောင်ကိုရီးယားသစ်တောဝန်ဆောင်မှုအဖွဲ့အစည်းက ဖော်ပြသည်။

နိုင်ငံတစ်ဝှမ်းတွင် တစ်ပြိုင်နက်ဖြစ်ပွားနေသော မီးဘေးများကြောင့် ပျက်စီးဆုံးရှုံးမှု များပြားလှသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက အူလ်ဆန်မြို့နှင့် မြောက်နှင့်တောင် ဂျီယောင်ဆန်ပြည်နယ်များတွင် အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း သိရသည်။ **Mon**

## မြေစိုက် နံရံကပ်ဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဲ မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဲမြို့နယ်တွင် အပူဒဏ်အန္တရာယ် တားဆီးကာကွယ်ရေးနှိုးဆော်ချက် မြေစိုက်နံရံကပ်ဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မတ် ၂၀ရက် နံနက် ၉ နာရီက ဆင်ပေါင်ဲမြို့ ပြည်သူ့ဆေးရုံအပြင်နှင့် မြို့မဈေးအတွင်း၊ အပြင်တို့၌ ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဒေသခံပြည်သူများ လက်ဝယ်အရောက်ဖြန့်ဝေခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါအသိပညာပေး လက်ကမ်းစာစောင်တွင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊ ချွေးအလွန်ထွက်ခြင်းကြောင့် ခန္ဓာကိုယ် အရေပြားအေး၍ စိုစွတ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း စသည့် သတိပြုရမည့် အပူဒဏ်အန္တရာယ်ကျရောက်သည့် လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်းနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ စသည့်အကြောင်းအရာများပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ခနဲ့ဝင်း(ဆင်ပေါင်ဲ)**





## ပုသိမ်ကြီးမြို့နယ် ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စစ်ဆေးဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၊ ရုံးခန်း၊ လူထုအခြေပြု ဗဟိုဌာန community centre ပံသုကျီခန်းမ၊ ကလေးစာဖတ်ခန်းမ အစရှိသည့် နေရာများတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ထားရှိအသုံးပြုရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ စသည့် ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စာနည်ကိုကို**

## ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**ပုသိမ်ကြီး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မတ် ၂၂ရက် နံနက် ၁၀ နာရီခွဲက မဲကင်းကုန်းကျေးရွာအုပ်စု၊ တဲကုန်းကျေးရွာ (၁၅ ပေ × ၈ ပေ) ထရံကာ၊ သွပ်မိုး၊ နှစ်ထပ်နေအိမ်၌ ထမင်းဟင်းချက်ခဲ့ရာမှ မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်တေဇ ဦးစီး၍ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့သည်။ လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်းနှင့် မီးပေါ့ဆသူအား ပုသိမ်ကြီးမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၉၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များသည် မတ် ၁၉ ရက်က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၈၄၅ တန်၊ အခြားသစ် ၁ ဒသမ ၀၄၄ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD မော်တော်ယာဉ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီဂါလန် ၁၂၀ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Micro Bus တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Van တစ်စီးကိုလည်းကောင်း၊ ၁၆မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Surf တစ်စီးကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည် မြို့အထွက် ဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isu-zu Giga Truck တစ်စီး၊ Nis- san Diesel Truck တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။ **(အောက်ယာပုံ)**

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၄၀တန်နှင့် မီးသွေး ၄ ဒသမ ၈၃တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်မောင်းသူများ လိုက်နာရန်

- * မြို့တွင်းတစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- * အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- * ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- * (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။





# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် မတ် ၂၃

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်း ဆောင်ရွက်လျက်ရှိရာ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ပေးမှုကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၂၀၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ “တိတ်ရှိန်ရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား လေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၃

၂၀၂၅ ခုနှစ် မတ် ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် (၂၉)လမ်းနှင့် (၃၀)လမ်းကြား မဟာဗန္ဓုလလမ်းပေါ်ရှိ “တိတ်ရှိန်” ရွှေဆိုင်၌ ဆိုင်ပိုင်ရှင်၏သမီးဖြစ်သူ မမြတ်သဥ္ဇာမိုး ၂၃ နှစ်သည် ဆိုင်ဝန်ထမ်းအမျိုးသမီး ခုနစ်ဦးတို့နှင့် အတူရှိနေစဉ် Mask များတပ်ဆင်ထားသည့် အမျိုးသား လေးဦး(စိစစ်ဆဲ)သည် ဆိုင်အတွင်း ဝင်ရောက်လာပြီး ၎င်းတို့ လေးဦးအနက် တစ်ဦးက သေနတ်အတိုတစ်လက်အား ကိုင်ဆောင်ကာ သေနတ်ပြ ခြိမ်းခြောက်ပြီး မှန်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပန်းဘဲတန်းမြို့မရဲစခန်း၌ (ပ)၃၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုယက်မှုကျူးလွန်သူ တရားခံများသည် YGN-42 AA-1938 နံပါတ်တပ်ဆင်ထားသည့် Toyota Corolla အမျိုးအစား အဖြူရောင်အငှားယာဉ်ဖြင့် ပန်းဆိုးတန်းလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါအငှားယာဉ်အား စုံစမ်းရှာဖွေခဲ့ရာ နံနက် ၁၁ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်နှင့်အတူ ယာဉ်မောင်းဖြစ်သူ စည်သူကျော် ၄၃ နှစ်အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။



တရားခံဝဲမှယာ သက်ထူးဇင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ လင်းသန့်အောင်၊ မင်းခန့်ကို(ခ)ဖိုးကာ။

ယာဉ်မောင်းဖြစ်သူ စည်သူကျော်၏ ထွက်ဆိုချက်အရ ၎င်းသည် လုယက်မှုကျူးလွန်သူ တရားခံများအား ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ငွေကျပ် ၄၀၀၀ ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း အမှတ်(၁၁၄/၁၁၆)ရှိ Casa Myanmar Hotel အခန်းအမှတ်(၃၀၁)၌ “တိတ်ရှိန်” ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပတ္တမြားရပ်ကွက်နေ လင်းသန့်အောင် ၁၈ နှစ် (ဘ)ဦးသိန်းထွန်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာနေ သက်ထူးဇင် ၂၀ နှစ် (ဘ)ဦးအောင်မျိုးဆက်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ကောင်းခန့်သူရ(ခ)ဝသုန် ၁၉ နှစ် (ဘ)ဦးကျော်သူရ၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စစ်ဗိုလ်ကြီး ကျေးရွာနေ မင်းခန့်ကို(ခ)ဖိုးကာ ၁၉ နှစ် (ဘ)ဦးနိုင်ထူးတို့ လေးဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ်တစ်လက်၊ သံဖြတ်လွှသုံးချောင်း၊ လုယက်ယူဆောင်ရာမှရရှိသည့် ရွှေလက်ကောက်မျိုးစုံ ၅၁ ကွင်း၊ ရွှေလက်စွပ်မျိုးစုံ ၃၇ ကွင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ လင်းသန့်အောင်ပါ လေးဦးအား ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့ လေးဦးသည် မတ် ၂၀ ရက်တွင် Casa Myanmar Hotel သို့ ရောက်ရှိတည်းခိုခဲ့ပြီး ငွေကြေးလိုအပ်ချက်အရ မဟာဗန္ဓုလလမ်းပေါ်ရှိ ရွှေဆိုင်များအား လုယက်မှုကျူးလွန်ရန်အတွက် လိုက်လံ၍အခြေအနေ ကြည့်ရှုခဲ့ကြကြောင်း၊ ထိုသို့ကြည့်ရှုပြီး နောက် “တိတ်ရှိန်”ရွှေဆိုင်အား လုယက်မှုကျူးလွန်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင် ကော်သေနတ်အား ဆူးလေဘုရားအနီး မဟာဗန္ဓုလ လမ်းပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ် ကြောင်းနှင့် လုယက်မှုကျူးလွန်ရာတွင် တရားခံ လင်းသန့်အောင်က အဆိုပါကော်သေနတ်အား ကိုင်ဆောင်အသုံးပြုကာ ဦးဆောင်၍ လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် “တိတ်ရှိန်”ရွှေဆိုင်အား သေနတ်ပြ ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့သူများဖြစ်သည့် လင်းသန့်အောင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ မင်းခန့်ကို(ခ) ဖိုးကာနှင့် သက်ထူးဇင်တို့ လေးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားသည့် အချိန်မှ ၆ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## ဟယ်ရီကိန်း အင်္ဂလန်လက်ရွေးစင်အသင်းကစားသမားဘဝ သွင်းဂိုး ၇၀ ပြည့်မြောက်

**လန်ဒန် မတ် ၂၃**

အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် အသင်းကစားသမားဘဝ သွင်းဂိုးပေါင်း ၇၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (ဥရောပဇုန်-အုပ်စုအဆင့်) ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းက အယ်လ်ဘေးနီးယားအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၇၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅မှ ၂၀၂၅ အထိ ပြိုင်ပွဲပေါင်း ၁၀၄ပွဲကစားပြီး ဂိုး ၇၀ထိ သွင်းယူနိုင်ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို လက်ရွေးစင်အသင်းနှင့်အတူ သွင်းဂိုး ၇၀ ပြည့်မြောက်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းအတွက် သွင်းဂိုးတွေအပြင် အောင်မြင်မှုတွေ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)





## ဝေးလ်စ်အသင်းက ကာဇက်စတန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၃**

၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝေးလ်စ်အသင်းနှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝေးလ်စ်အသင်းက ကာဇက်စတန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝေးလ်စ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၉မိနစ်တွင် ဂျိမ်းစ်၊ ပွဲချိန် ၄၇မိနစ်တွင် ဘန်ဒေးဗစ်၊ ပွဲချိန် ၉၀မိနစ်တွင် မတ်အွန်နီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဝေးလ်စ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်)ပွဲစဉ်အဖြစ် လာမည့် မတ် ၂၆ရက်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## အကီတီကီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဖရန့်ဖတ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**မြူးနစ် မတ် ၂၃**

ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အကီတီကီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး အကီတီကီသည် ဖရန့်ဖတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ၁၉ ဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

အကီတီကီ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ဖရန့်ဖတ်အသင်းမှ ထွက်ခွာဖွယ်ရှိသော အကီတီကီအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## ရွှေ့ဆိုင်းခဲ့ရသည့် ဘာစီလိုနာအသင်းနှင့် အိုဆာဆူအသင်းတို့ ပွဲစဉ်အား မတ် ၂၇ ရက်တွင် ပြန်လည်ကစားမည်

**ဘာစီလိုနာ မတ် ၂၃**

ဘာစီလိုနာအသင်း ဆရာဝန် ကားလက်စ်မင်နာရီ သေဆုံးမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ဘာစီလိုနာအသင်းနှင့်အိုဆာဆူနာအသင်းတို့ ကစားမည့် စပိန်လာလီဂါပွဲစဉ်အား မတ် ၂၇ရက်တွင် ပြန်လည်ကစားရန် စပိန်ဘောလုံးအဖွဲ့ချုပ်(RFEF)က အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ပွဲစဉ်အား ပြီးခဲ့သည့် မတ် ၈ရက်က ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ပွဲစဉ်မတိုင်မီ မိနစ် ၂၀ခန့်အလိုတွင် ဘာစီလိုနာအသင်းဆရာဝန် သေဆုံးခဲ့မှုကြောင့် ပွဲစဉ်အား ရွှေ့ဆိုင်းခဲ့ရကာ ယခုအချိန်မှ ပြန်လည်ကစားမည့်ရက်အား အတည်ပြုခဲ့ခြင်းဖြစ်သည်။

စပိန် ဘောလုံးအဖွဲ့ချုပ် (RFEF)ထုတ်ပြန်ချက်တွင် "ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ပွဲစဉ်အား မတ် ၂၇ ရက်မှာ ကစားသွားစေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဘာစီလိုနာအသင်း ဆရာဝန် ရုတ်တရက်ဆုံးပါးသွားမှုအပေါ် အဖွဲ့ချုပ်အနေနဲ့လည်း ဝမ်းနည်းမိပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ)

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ် (၂၇)ပွဲကစားအပြီးတွင် ရမှတ် ၆၀မှတ်ဖြင့် အဆင့် ၁နေရာ၊ အိုဆာဆူနာအသင်းက ရမှတ် ၃၃မှတ်ဖြင့် အဆင့် ၁၄နေရာတွင် ရပ်တည်ခဲ့သည်။ (NGB)




## ရီကာဒို ကာလာဖီအိုရီ ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**လန်ဒန် မတ် ၂၃**

အာဆင်နယ်အသင်းနှင့် အီတလီလက်ရွေးစင်အသင်း နောက်ခံကစားသမား ရီကာဒို ကာလာဖီအိုရီ ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲအဖြစ် အီတလီလက်ရွေးစင်အသင်းက ဂျာမနီလက်ရွေးစင်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ရီကာဒိုကာလာဖီအိုရီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားရီကာဒိုကာလာဖီအိုရီသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အီတလီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄မှ ၂၀၂၅အထိ ပြိုင်ပွဲ ၉ပွဲကစားထားသလို၊ ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့်လည်း ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၆ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)



## အယ်လ်ဗာရက်ဇ် အက်သလက်တီကို မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် မတ် ၂၃**


တိုက်စစ်မှူး အယ်လ်ဗာရက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်သလက်တီကိုမက်ဒရစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ ပွဲ ကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "အယ်လ်ဗာရက်ဇ် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)




### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်)(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၄-၃-၂၀၂၅ တနင်္လာနေ့ | ည ၁၁:၃၀ နာရီ | G | လစ်သူယေးနီးယား - ဖင်လန် | ဖင်လန်၀-၁ လစ်သူယေးနီးယား |
| ၂၅-၃-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၂:၁၅ နာရီ | G | ပိုလန် - မော်လ်တာ | မော်လ်တာ ၀-၄ ပိုလန် |
| " | " | H | ဘော့စနီးယား - ဆိုက်ပရပ်စ် | ဆိုက်ပရပ်စ် ၃-၂ ဘော့စနီးယား |
| " | " | H | ဆန်မာရီနို - ရိုမေးနီးယား | ဆန်မာရီနို ၀-၁ ရိုမေးနီးယား |
| " | " | K | အယ်လ်ဘေးနီးယား - အန်ဒိုရာ | အယ်လ်ဘေးနီးယား ၁-၀ အန်ဒိုရာ |
| " | " | K | အင်္ဂလန် - လတ်ဗီးယား | —— |

## 2025 Miami Open presented by Itau
## အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၂၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အိမ်ရှင် အမေရိကန် တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဂရိတင်းနစ်မယ် Maria Sakkari အား ၆-၂၊ ၆-၄ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ပိုလန်တင်းနစ်မယ် Magda Linette တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။



# ကုသိုလ်တော်ဘုရားနှင့် မန္တလေးယဉ်ကျေးမှုဇုန်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာကြသည့် ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု များပြား



**မန္တလေး မတ် ၂၃**

မန္တလေးတောင်ခြေအနီးရှိ ကုသိုလ်တော်ဘုရားနှင့် မန္တလေးဒေသ၊ ယဉ်ကျေးမှုဇုန်ရှိ မြနန်းစံကျော်ရွှေနန်းတော်၊ ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)သို့ ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လာရောက်လေ့လာသည့် ပြည်ပခရီးသွား ဧည့်သည်များပြားလာကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

ပွင့်လင်းရာသီချိန်ဖြစ်ပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ကာလနှင့် နီးကပ်ချိန်ဖြစ်၍ ပြည်ပခရီးသွားဝင်ရောက်မှုမှာ ပိုမိုများပြားလာသည်ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဇန်နဝါရီလလောက်ကစပြီး ပြည်ပခရီးသွား ဝင်ရောက်မှု တော်တော်များတယ်။ ပွင့်လင်းရာသီမှာ ပုံမှန်ထက် ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုလေ့ရှိတယ်။ မန္တလေးရောက်ရင် နန်းတော်နဲ့ ရွှေကျောင်းကြီးကို လာရောက်လေ့လာကြသလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပိဋကတ်ကျောက်စာတွေရှိတဲ့ ကုသိုလ်တော်ဘုရားကလည်း ရွှေကျောင်းကြီးနဲ့ အနီးဆုံးမှာရှိတော့ ပြည်ပခရီးသွား ဧည့်သည်တော်တော်များများက ဝင်ရောက်လေ့လာကြတယ်"ဟု ၎င်းက ပြောသည်။

ပြည်ပခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပခရီးသွားဝင်ရောက်မှုမှာ ရွှေနန်းတော်ကျောင်းတွင် ၂၆၈၄ ဦး၊ ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)တွင် ၂၃၀၉ ဦးရှိရာ အဆိုပါ ပြည်ပခရီးသွားများအနေဖြင့် ရွှေနန်းတော်ကျောင်းနှင့်နီးသော ကုသိုလ်တော်ဘုရားသို့လည်း ဝင်ရောက်လေ့လာလေ့ရှိသည်။

"မန္တလေးယဉ်ကျေးမှုဇုန်မှာ ပြည်ပခရီးသွားတွေကို ဇုန်ဝင်ကြေးအဖြစ် ငွေကျပ် ၁၅၀၀၀ ကောက်ခံပြီး နှစ်ရက် ခွင့်ပြုပါတယ်။ ဝင်ရောက်လေ့လာနိုင်တဲ့ နေရာတွေက မြနန်းစံကျော်ရွှေနန်းတော်ရယ်၊ရွှေကျောင်းကြီးလို့ခေါ်တဲ့ ရွှေနန်းတော်ကျောင်းနဲ့ အတုမရှိကျောင်းတွေ အကျုံးဝင်ပါတယ်။ကုသိုလ်တော်ဘုရားမှာတော့ ရှေးဟောင်းက ကောက်ခံတာမရှိဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မင်းတုန်းမင်းတရားကြီးက မြန်မာသက္ကရာဇ် ၁၂၂၁ခုနှစ်တွင် ရတနာပုံ(မန္တလေး)ဟု မြို့တည်ခဲ့ရာနှစ်ပေါင်း ၁၆၅ နှစ်ရှိပြီဖြစ်သော မန္တလေးဒေသရှေးဟောင်းဇုန်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြည်ပခရီးသွားများက စိတ်ဝင်တစားလာရောက်လေ့လာကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



# ပန်းချီဆရာ M.P.P ရဲမြင့်၏ လွမ်းရတနာပုံလွမ်း(အပိုင်း-၂) တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်း၊ တံခွန်တိုင်အဝိုင်းပတ်အနီး၊ GARDEN CITY APARTMENT COMPLEX၊ အမှတ်(၆၈-၆၉)ရှိ သီရိပစ္စယာပန်းချီအနုပညာပြခန်းတွင် မတ် ၂၁ ရက် နံနက် ၁၀ နာရီက ပန်းချီဆရာ M.P.P ရဲမြင့်၏ လွမ်းရတနာပုံလွမ်း (အပိုင်း-၂) တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖွင့်လှစ်ပြသရာ စာရေး ဆရာများ၊ ဆောင်းပါးရှင်များ၊ပန်းချီ၊ကာတွန်းဆရာများ၊ သတင်းမီဒီယာများစသည့် အနုပညာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပန်းချီပြပွဲတွင် မန္တလေး၏ တွေးလောက်စရာ၊ လွမ်းလောက်စရာနေရာများ၊ အငွေ့အသက်များပါဝင်သော ပန်းချီဆရာ M.P.P ရဲမြင့်၏ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော ပန်းချီကား (၅၄)ကားအား ပြသထားရှိပြီး တက်ရောက်လာသူများက ပန်းချီဆရာ M.P.P ရဲမြင့်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ပန်းချီပြပွဲအမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခြင်း ပြပွဲအမှတ်တရ လွယ်အိတ်၊ တီရှပ်၊ စာအုပ်များ ရောင်းချခြင်းများ ပြုလုပ်ကြသည်။

အဆိုပါပန်းချီပြပွဲအား မတ် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့သည်။ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာ ခံစားကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)



# ရွှေနီ(၁၆၈)သင်္ဘောမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကျီးအိပ်ကျေးရွာတွင် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရွှေနီ(၁၆၈) သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သင်္ဘောသီးနှံစိုက်ပျိုးခြင်းများနှင့်ပတ်သက်၍ ကိုယ်ပိုင်ရေတင်စက်ဖြင့် စမုံမြစ်မှ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြောင်းနှင့် အပင်သေပျောက်မှု မရှိစေရန်အတွက် မျိုးစေ့များကို ဦးစွာပျိုးအိတ်များဖြင့် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များ ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရှိစေရန်နှင့် လေအဝင်အထွက်ကောင်းမွန်စေရန်အတွက် မြေပြုပြင်ထားသည့် မြေကွက်တွင် ပြောင်းရွှေ့ကာ ပင်ကြားတန်းကြား (၁၀)ပေအကွာအဝေးခန့် စိုက်ပျိုးကြကြောင်း၊ လိုအပ်သည့်အချိန်များတွင် ရေသွင်းပေးခြင်း၊ မြေသြဇာကျွေးပေးခြင်း ပိုးနှင်ဆေးနှင့် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း သင်္ဘောစိုက်ပျိုးသည့် ဦးဆန်းဝင်းက ပြောသည်။

သင်္ဘောပင်သည် ပြောင်းရွှေ့စိုက်ပျိုးပြီး အပင်သက်တမ်း (၆)လခန့်တွင် ရောင်းတန်းဝင်သင်္ဘောသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အပင်အပြုအစုကောင်းပါက ခူးဆွတ်ရောင်းချချိန် ရှစ်လခန့် ကြာအောင် ခူးဆွတ်ရကြောင်းနှင့် ရောင်းချသည့်အခါ ပွဲစားများမှ စိုက်ခင်းများအထိ လာရောက်ပြီး ကာလပေါက်ဈေးနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချရကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

*- *- *- *- *

# အမှတ်(၂)မူလတန်းကြိုကျောင်း ပဒေသာကပွဲ အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးမြို့ အမှတ်(၂) မူလတန်းကြိုကျောင်းတွင် ကျောင်းတွင်းပဒေသာကပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သူဇာအောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အမှတ်(၂)မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်နှင့် သားငယ်၊ သမီးငယ်လေးများ၏ ကိုယ်စား (စ)တန်းမှသမီးငယ်လေး မဟာန်သီငြိမ်းဝေတို့မှလည်း အသီးသီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး မန္တလေးမြို့ အမှတ်(၂)မူလတန်းကြိုကျောင်းမှ သားငယ်၊သမီးငယ်လေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အဆိုပါ အမှတ်(၂)မူလတန်းကြိုကျောင်း၏ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ ပဒေသာကပွဲအခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၆)

*- *- *- *- *



# (၁၀)နှစ်အတွင်း ဒေါ်လာ ၁၅ ဘီလီယံတန်လုပ်ငန်းအဖြစ် ကြီးထွားလာရန် အထည်ချုပ်အသင်း လျာထား



လာမည့်(၁၀)စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းသည် လုပ်သားအင်အား ၁ ဒသမ ၂ သန်းကနေ ၁ ဒသမ ၆ သန်းအထိ ခန့်ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်သည့် လုပ်ငန်းအဖြစ် ကြီးထွားလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)က ရည်မှန်းဆောင်ရွက်နေသည်။

၂၀၂၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့် တန်ကြေးရှိသည့်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေကြောင်း MGMA ၏ ၁၀ နှစ်တာ မဟာဗျူဟာအစီအစဉ် (၂၀၂၅-၂၀၃၄)မှာ ဖော်ပြထားသည်။

(၁၀)စုနှစ်အတွင်း မျှော်မှန်းထားသည့် စီးပွားရေးတိုးတက်မှုအတွက် လုပ်သားအင်အားဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်ခြင်း၊လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာအဆင့်မြှင့်တင်ခြင်း၊ အခြေခံအဆောက်အအုံတွေ ခိုင်မာစေရေးအတွက် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။

ထို့အပြင် သက်ဆိုင်သူတွေအကြား ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ အပါအဝင် အဓိက ကဏ္ဍတွေကို ကိုင်တွယ်ဖြေရှင်းရန် ခိုင်မာသော နည်းဗျူဟာတစ်ရပ်ကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဟု မဟာဗျူဟာအစီအစဉ်မှာ ဆိုထားသည်။

လက်ရှိတွင် မြန်မာ့အထည်ချုပ်ကဏ္ဍအနေဖြင့် စိန်ခေါ်မှုများရှိနေသေးပြီး ယင်းအထဲတွင် မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍမှာလည်း ဖွံ့ဖြိုးရန် အားယူနေရဆဲဖြစ်သည်။ လက်ရှိတွင် ရှိရင်းစွဲအပြည်ပြည်ဆိုင်ရာ ရောင်းသူ၊ ဝယ်သူ ချိတ်ဆက်ပေးသည့် ကွန်ရက်တွေကလည်း အခြားသောနိုင်ငံတွေနှင့် နှိုင်းယှဉ်ရင် ကြီးထွားဖို့ လိုအပ်နေသေးသည်။

၂၀၂၄ ခုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ဒေါ်လာ သန်း ၇၅၀ ခန့် ဝင်ငွေရရှိမှု လျော့သွားသည်ကို မှတ်တမ်းများအရ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




## တိုင်းရင်းဆေးတက္ကသိုလ်၏ (၁၅)ကြိမ်၊ (၁၆)ကြိမ်၊ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်-မန္တလေး၏ (၁၅)ကြိမ်၊ (၁၆)ကြိမ်၊ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့များအတွက် ကောင်းစွာ အောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား တိုင်းရင်းဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းက ဘွဲ့များ အပ်နှင်းခဲ့သည်။

(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာတိုင်းရင်းဆေးပညာမဟာဘွဲ့ M.M.T.M(MASTER of MYANMAR TRADITIONAL MEDICINE) ဘွဲ့ရရှိသူ ၁၀ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပုံမှန်) B.M.T.M (BACHELOR of MYANMAR TRADITIONAL MEDICINE) ဘွဲ့ရရှိသူ ၆၄ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာ(ပေါင်းကူး) သင်တန်းမှ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ B.M.T.M (BACHELOR of MYANMAR TRADITIONAL MEDICINE)ဘွဲ့ရရှိသူ ၂၃ ဦး၊ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ M.M.T.M ဘွဲ့ရရှိသူ ၁၃ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာ (ပေါင်းကူး)သင်တန်းမှ မြန်မာ့တိုင်းရင်းဆေးပညာ B.M.T.M ဘွဲ့ရရှိသူ ၂၄ ဦး၊ (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပုံမှန်) B.M.T.M ဘွဲ့ရရှိသူ ၃၀ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး)သင်တန်းမှ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ B.M.T.M ဘွဲ့ရရှိသူ ၈ ဦး၊ စုစုပေါင်း ၂၁၂ ဦးတို့အား ဘွဲ့အပ်နှင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ယခုဘွဲ့နှင်းသဘင်အပါအဝင် တိုင်းရင်းဆေးတက္ကသိုလ်-မန္တလေးမှ မွေးထုတ်ပေးလိုက်သည့် မြန်မာတိုင်းရင်းဆေးပညာဘွဲ့ရတိုင်းရင်းဆေးပညာရှင်ပေါင်း ၁၈၁၀ ဦး ရှိခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ ၁၂၇ ဦးတို့ကို အောင်မြင်စွာ လေ့ကျင့်ပျိုးထောင် ဘွဲ့အပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## သင်္ကြန်အကြိုကာလဖြစ်၍ မန္တလေးဈေးချိုတွင် ရောင်းအားကောင်းနေသဖြင့် ဈေးဝယ်သူများနှင့် စည်ကား

မန္တလေးဈေးချိုတွင် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ စသဖြင့် စုံလင်စွာ ရောင်းချလျက်ရှိရာ သင်္ကြန်အကြိုကာလဖြစ်သည့် မတ်လဆန်းမှ စတင်၍ သင်္ကြန်နှင့်ဆက်စပ်သည့် ပစ္စည်းများ ပုံမှန်ထက် ရောင်းအားကောင်းကာ ဈေးဝယ်များနှင့်စည်ကားလျက်ရှိကြောင်း မန္တလေးဈေးချိုတော်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၀ ရက်နောက်ပိုင်းဈေးများ၊ ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ကျောင်းများ၊ ရုံးများ ရက်ရှည်ပိတ်ရက်ဖြစ်သောကြောင့် ကြိုတင်ဝယ်ယူကြသည်ဟု ဆိုသည်။

"ဈေးချိုအရောင်းအဝယ်က ပုံမှန်လည်ပတ်နေပေမယ့် ခုချိန်မှာ သင်္ကြန်အကြိုကာလဆိုတော့ ရောင်းအားကောင်းချိန်ပေါ့။ နောက်ပြီး ရှင်ပြုနားသအလှူပွဲတွေလည်း ပေါတဲ့အချိန်လည်းဖြစ်လို့ အထည်အလိပ်တွေ ပိုပြီးရောင်းရတယ်။ ပါတိတ်တွေ၊ ပုဆိုးတွေ ရောင်းကောင်းတယ်။ သင်္ကြန်မှာ ကန်တော့ဖို့ ဝယ်ကြတာ" ဟု ၄င်းက ပြောသည်။

သင်္ကြန်အကြိုကာလဖြစ်သည့်အလျောက် အလှအပလိမ်းခြယ်သည့်ပစ္စည်းများ၊ အဝတ်အထည်များ၊ သင်္ကြန်ကာလတွင် ကုသိုလ်ကောင်းမှုပြုရန် အချိုရည်နှင့် အချိုရည်ဘူးများ၊ ခေါက်ဆွဲခြောက်များ စသည့်ကုန်ခြောက်ပစ္စည်းများနှင့် ဖယောင်းတိုင်၊ သကြားများ၊ ရေပက်ကစားသည့်ပစ္စည်းများ စသည်ဖြင့် ကြိုတင်ဝယ်ယူကြသူများကြောင့် ဈေးချိုတွင် စည်ကားလျက်ရှိသည်။

"သင်္ကြန်က ဧပြီ ၁၂ ရက်မှ နှစ်ဆန်း ၁ ရက်ဖြစ်တဲ့ ဧပြီ ၁၇ ရက်အထိ ရုံးတွေ၊ ဈေးဆိုင်တွေ ပိတ်မှာဆိုတော့ ကြိုတင်ဝယ်ကြတယ်။ မတ်လဆန်းကနေ ဧပြီလဆန်းပိုင်း ၁၀ ရက်လောက်ထိ ရောင်းအားကောင်းလို့ ဈေးချိုမှာ စည်ကားတယ်" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်နှင့်ကုမ္ပဏီများ၊ ပုဂ္ဂလိကစက်ရုံများ စသည့်လုပ်ငန်းအားလုံးက ပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး သင်္ကြန်ရေကန်တော့ခြင်း၊ အလှူဒါနများပြုလုပ်ခြင်းတို့အပြင် ရေပက်ခံထွက်၍ ရေသဘင်ပွဲဆင်နွှဲခြင်းတို့ကြောင့် လိုအပ်သည့်ပစ္စည်းများကို ကြိုတင်ဝယ်ယူကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)

*-*-*-*-*



## Book Club အသင်း စာဖတ်ဝိုင်း ဆွေးနွေးပွဲ ပြုလုပ်

**ဆင်ပေါင်ဝဲ မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း ပူးပေါင်း၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို မတ် ၂၁ ရက် ညနေ ၄ နာရီက ဆင်ပေါင်ဝဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာပေချစ်မြတ်နိုးသူများ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်းအပြန်အလှန်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(ဝဲပုံ)

ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက စာရေးဆရာ အောင်ကိုဦး(UMK) ရေးသားထားသည့် "လူငယ်တွေကို လမ်းဖွင့်ပေးပါ" စာအုပ်တွင် ပါရှိသည့်အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင် ဦးချစ်ထွေးက "အားနည်းချက်လား အားသာချက်လား၊ အသိအမှတ်လေးတော့ပြုပေးပါ၊ ဖြစ်ချင်တာလေးတွေ ဖြစ်ခွင့်ရပါစေ" ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် စာပေချစ်သူများကလည်း ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များအား အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခနုဝင်း(ဆင်ပေါင်ဝဲ)**

## မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ အထိမ်းအမှတ်လှုပ်ရှားမှုနှင့် နံရံကပ်စာစောင်ပြသခြင်း ဆောင်ရွက်

**မိုင်းနောင် မတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းနောင်မြို့ရှိ Community Center တွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အထိမ်းအမှတ် လှုပ်ရှားမှုနှင့် နံရံကပ်စာစောင် ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။



မြန်မာ့သနပ်ခါးသည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီပြီး မြန်မာအမျိုးသမီးများအားလုံး ရှေးနှစ်ပေါင်းများစွာကပင် အမြတ်တနိုးတန်ဖိုးထားသည့် အကြောင်းအရာများအား နံရံကပ်စာစောင်များတွင် ပြသကာ ဒေသခံတိုင်းရင်းသူများနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့လှုပ်ရှားမှုတွင် ပါဝင်သော အမျိုးသမီးများက သနပ်ခါးသွေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီးလိမ်းခြယ်ပေးခြင်း ဆောင်ရွက်ကာ ပြသထားသော နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါဆောင်ရွက်မှုတွင် မိုင်းနောင်မြို့၊ ဌာနဆိုင်ရာများမှ အမျိုးသမီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လားဟူတိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများနှင့် မြန်မာတိုင်းရင်းသူများက လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

**အသက်သည် သွေး၊ သွေးသည် အသက်။**

ဝတ္ထုတိုကဏ္ဍ

# အိပ်မက်ဒိုင်ယာရီ

## သွယ်အောင်



ထိုနေ့က တက္ကသိုလ်ကျောင်းဖွင့်စ ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတို့က ဟိုတစ်စု၊ သည်တစ်စု၊ ပန်းချီဆရာတစ်ဦး၏ ဆေးစပ်ပျဉ်ချပ်ပေါ်မှ ဆေးရောင်မျိုးစုံနှင့် တူနေသည်။ သို့သော် အသံများနှင့် လှုပ်ရှားနေကြသောကြောင့် ပျားအုပ်နှင့် ပိုတူသည်ဟု ဆိုရလျှင် ကောင်းမည်။ မည်သို့ဆိုစေ မန္တလေးတက္ကသိုလ်သည် အိပ်ပျော်နေရာမှ လူးလွန့်လာခဲ့ပြီ။ ဒီဇင်ဘာနှင်းပဝါပါးက လွှမ်းခြုံထားပြီး မြောက်ပြန်လေကြောင့် အေးစိမ့်စိမ့်အရသာကို ခွဲခြားသိနိုင်သည်။

ကျောင်းထဲရှိ လက်ဖက်ရည်ဆိုင်၏ ချောင်ကျကျစားပွဲတစ်လုံးတွင် ကျွန်တော်တစ်ယောက်တည်း ထိုင်နေမိသည်။ အခြားစားပွဲတို့တွင် ကျောင်းသား၊ ကျောင်းသူများ သူ့အုပ်စုနှင့်သူ၊ ကျောင်းစာအကြောင်း ဘယ်မေဂျာက ကျောင်းသူလေးတွေ လှတယ်ဆိုတဲ့အကြောင်း၊ ဘယ်ဆရာက အသင်အပြကောင်းတယ်ဆိုတဲ့အကြောင်း စသည်ဖြင့် ဆူညံစွာ ရှိနေကြတော့သည်။ ကျွန်တော် တစ်ယောက်သာ အေးစက်စက်နှင့် တိတ်ဆိတ်နေမိသည်။

မှာပြီးသား လက်ဖက်ရည်တစ်ခွက်ကို မသောက်နိုင်သေးဘဲ ရောက်တတ်ရာရာ တွေးတောနေမိသည်။ တွေးတော၍ နေရခြင်းသည် ကျွန်တော်၏ အနှစ်ခြိုက်ဆုံး ဝါသနာတစ်ခုဖြစ်သည်။ သို့သော် စိတ်ကူးမယဉ်မိအောင် အတတ်နိုင်ဆုံး ကြိုးစားသည်။ တွေးတောခြင်းနှင့် စိတ်ကူးယဉ်ခြင်းသည် တစ်ထပ်တည်း မကျနိုင်။ ဒါကလည်း သဘာဝကျသည်။ စိတ်ကူးယဉ်ခြင်းသည် မဖြစ်နိုင်တာတွေချည်း ပါနိုင်သည်။ တွေးတောခြင်းသည် ဖြစ်နိုင်တာလည်း ပါချင်ပါမည်။ ဖြစ်ပြီးခဲ့သည့် အကြောင်းကိစ္စတို့လည်း ပါမည်။

ကျွန်တော်ယူထားသော ရူပဗေဒ အထူးပြုဘာသာရပ်သည် ဝါသနာပါ၍ ယူထားခြင်းဟုတ်၊ မဟုတ်ကို ကျွန်တော်အတတ်မပြောနိုင်။ မြန်မာစာလောက် ဝါသနာမပါသည်ကတော့ အမှန်ပင် ဖြစ်သည်။ အထူးသဖြင့် အထက်တန်းကျောင်းသားဘဝကတည်းက ရင်းနှီးခဲ့ဖူးသော အာခိမိဒိ၊ နျူတန်၊ အိုင်းစတိုင်း စသည်တို့၏ အဆိုနိယာမတို့ကို သဘောကျမိသည်။ ရူပဗေဒဘာသာရပ်သည် တွေးတောရခြင်းကြောင့် ကျွန်တော်စိတ်ဝင်စားမှုရှိနေခြင်း ဖြစ်လိမ့်မည်။ အထူးသဖြင့် ခေတ်သစ်ရူပဗေဒတွင် သင်ရသော (Relativity Theory)ကို ပို၍ စိတ်ဝင်စားသည်။

သည်အချိန်ဆို စာသင်သောအခန်းက စာသင်နေကြပြီ။ အခန်းဝတိုင်းလိုလိုတွင်လည်း ကျောင်းသားများစုပြုံနေကြမည်။ ထိုကျောင်းသားအုပ်စုသည် အခန်းထဲရှိ လှပသော ကျောင်းသူလေးများကို ရွေးချယ်ကြည့်ရှုနေကြမည်။ ထိုအုပ်စုထဲတွင် ကျွန်တော်ပါဝင်ဖို့ စိတ်ကူးကြည့်သော်လည်း ကျောင်းသူလေးများကို ကြည့်နိုင်သော သတ္တိမရှိသေး။ ကျွန်တော့်ကိုယ် ကျွန်တော် အားငယ်နေမိသည်။

အချို့ကျောင်းသားတို့က ကျောင်းသူလေးတွေကို လှမ်းစ,နေကြမည်။ ပါးစပ်နှင့် လှမ်းစကားပြောပြီး စ,ရမည့် အလုပ်သည်လည်း အတတ်ပညာတစ်ခုဖြစ်နိုင်သည်။ ကျွန်တော်ကျောင်းသူလေးတွေကို လှမ်းစ,ဖို့ မဝင့်ရဲသေး။ ကျွန်တော့်ဗီဇ၊ ကျွန်တော့်ဝါသနာအရဆိုလျှင်တော့ အတန်းမရှိသည့်အချိန်တွင် လက်ဖက်ရည်ဆိုင်ထိုင်ချင်ထိုင်မည်။ ဒါမှမဟုတ် ချောင်ကျကျ သစ်ပင်အောက်ရှိ ခုံပိုင်းလေးပေါ်တွင် အဖော်မဲ့တစ်ယောက်တည်း ထိုင်နေမည်။ ဤလိုတစ်ယောက်တည်း ထိုင်နေရခြင်းကို ကျေနပ်မိသည်။

သူငယ်ချင်းတစ်ယောက်၏ အမေးစကားကို သွားအမှတ်ရမိသည်။

'ခင်ဗျားကျောင်းမှာ မိန်းကလေးအဖော်မရှိဘူးလား'ဟု မေးမြန်းခဲ့ဖူးသည်။ သည်တုန်းက ခေါင်းရမ်းပြခဲ့သည်။ 'တက္ကသိုလ်ကျောင်းသားတစ်ယောက်အနေနှင့် မိန်းကလေးအဖော်ရှိသင့်တယ်'ဟု အကြံပြုသွားသည်။ ကျွန်တော့်အနေနှင့် မိန်းကလေးအဖော်ရှိသင့်သည်မှန်သော်လည်း နှလုံးသားနှင့်ပတ်သက်သော ဝေဒနာအစုံစုံတို့ ခံစားခဲ့ဖူး၍ ကြောက်တတ်နေမိသည်။ ဒါကြောင့်လည်း အဖော်မရှာဘဲ နေခဲ့သည်။

တစ်ခါတလေ ပျင်းသည့်အချိန်များတွင် အောင်မင်္ဂလာအဆောင်ရှိ သူငယ်ချင်း နိုင်သူ အခန်းသို့သွားပြီး ကဗျာအကြောင်း ဆွေးနွေးဖြစ်သည်။ ညဈေးတန်းရှိ စာအုပ်အဟောင်းဆိုင်တို့တွင်လည်း သွားတတ်သည်။ အထူးသဖြင့် ယင်းလိုနေရာမျိုးသည် စာပေဝါသနာပါသောသူတို့နှင့် အတွေ့များသည်။ သူငယ်ချင်းကဗျာဆရာတစ်ယောက်၏ စာအုပ်ဆိုင်ကလေးတွင် စာပေအကြောင်း ပို၍ ပြောဖြစ်သည်။

ဆရာမောင်သိင်္ခ မရှိတော့သည့်အတွက် မြစ်ချောင်းအင်းအိုင်ရဲ့ စရိုက်အငွေ့တို့ ဆက်လက်မခံစားရ၍ ဝမ်းနည်းသည့်အကြောင်းလည်း ပါမည်ထင်သည်။ ကဗျာဆရာမ ကြည်အေး၏ ကဗျာများနှင့် စကားပြေများကို သဘောကျနှစ်ခြိုက်မိသည်ကိုလည်း ပြောဖြစ်ဦးမည်ထင်သည်။ ဝါသနာပါ၍လားမသိ ယင်းသို့ ညဈေးတန်းမှာ စာအကြောင်းပြောရသည်မှာ ပို၍ ပျော်ရွှင်မိသည်။

နေသာသည့်နေ့များတွင် ပန်တျာကျောင်းရှိ ပန်းချီသင်တန်းတက်နေသော သူငယ်ချင်းဆီ ရောက်ဖြစ်ချင်ရောက်မည်။ ပန်းချီခန်းထဲရှိ ပန်းချီကျောင်းသားများ၏ ခဲ၊ မင်၊ ရေဆေး၊ ဆီဆေး ပန်းချီကားများထဲတွင် နစ်မျောနေမိတတ်သည်။ ဆရာဦးတင်အေး၏ ပန်းချီကားများသည် ကျွန်တော်၏ အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည်။ ဆရာဦးတင်အေး၏ ပန်းချီကားရှေ့တွင် ခြေထောက်ကျင်သည်အထိ ရပ်ကြည့်ရင်း ပန်းချီကားနောက် စီးမျောလိုက်ပါမိသည်။

နန်းရှေ့ရှိ ဦးဘကျော် လက်ဖက်ရည်ဆိုင်ကလေးတွင် သူငယ်ချင်းများနှင့် ပန်းချီအကြောင်းတွေ အားပါးတရဆွေးနွေးဖြစ်သည်။ ဆရာဦးဇော်ဝင်း၏ သစ်ထွင်းပန်းချီအကြောင်း၊ ဆရာကြီးဦးဘသက်၏ ရေဆေးပန်းချီများ အကြောင်း၊ ဆရာပေါ်ဦးသက်၏ မြန်မာရနံ့ပါသော ပန်းချီကားများ အကြောင်း၊ ရုပ်ရှင်ပိုစတာများ ဆွဲလေ့ရှိသော ပန်းချီမောင်ညိုဝင်း၏ စုတ်ချက်များအကြောင်းကို အများဆုံးပြောဖြစ်သည်။ အနောက်တိုင်းခေတ်သစ်ပန်းချီဆရာများဖြစ်သော ပီကာဆို၊ ဗန်ဂိုး၊ ဂေါဂင်၊ မာနေး၊ ရေနွား၊ စေစန်း၊ ကလီး၊ ဒီကိုနင်၊ ဂျက်ဆင်ပူးလော့ဂ် စသည်တို့အကြောင်းလည်း ပြောဖြစ်ကြသည်။

သူငယ်ချင်းနှင့်ပန်းချီအကြောင်းတွေ ဆွေးနွေးနေရသဖြင့် ရင်ထဲတွင် မြူတိမ်ကင်းစင်သော ကောင်းကင်ပြာလို ပေါ့ပါးနေမိသည်။

အိမ်တွင်လည်း မိသားစုနှင့် စကားများများမပြောဖြစ်။ စာကြည့်ခန်းထဲတွင် ကဗျာစပ်ဖို့ ကာရန်တွေ လိုက်ရှာချင်ရှာနေမည်။ စကားလုံးအသစ်တွေကို ရှာဖွေတူးဆွမည်။ ဒါမှမဟုတ် ကျွန်တော်ကြိုက်သော စာရေးဆရာ တစ်ယောက်ယောက်၏ ဝတ္ထု(ဂျွန်စတိန်းဘက်ရဲ့ ဝတ္ထုမျိုး)ကို အရသာခံချင်ခံနေမည်။ ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်၏ ပုံတူကို ရေဆေးအကြည်နှင့် ရေးဆွဲချင်ရေးဆွဲနေမည်။ ကျွန်တော်နှစ်သက်ရာတစ်ခုခုနှင့် ပွေ့ဖက်နပန်းလုံးနေမည်မှာ အမှန်။

တိတ်ဆိတ်ငြိမ်သက်သော ကျွန်တော့်အခန်းကျဉ်းလေးသည် ကျွန်တော့်၏ ကမ္ဘာဖြစ်သည်။ အခန်းနံရံပေါ်တွင်လည်း ကျွန်တော်စမ်းသပ်ရေးဆွဲထားသော ရေဆေးအကြည်ပန်းချီကားများ၊ ဒြပ်မဲ့ပန်းချီကား အတော်များများနှင့် ဆီဆေးကား သုံးချပ်ကို ချိတ်ဆွဲထားသည်။ စာရေးစားပွဲရှေ့ရှိ နံရံပေါ်တွင်တော့ ကံတလူဘုရားရုပ်ပွားတော်ဓာတ်ပုံကို ချိတ်ဆွဲပူဇော်ထားမိသည်။ ကျွန်တော့်အခန်း ကျွန်တော်ကြည့်ပြီး ကြည်နူးနှစ်သက်မိသည်။ အခန်းအောင်းပြီး တစ်ကိုယ်တည်းနေရခြင်းကို ဝါသနာပါသည်။

ညပိုင်းရောက်လျှင်တော့ သူငယ်ချင်း မော်သင်းနှင့်အတူ မြောက်ပြင် ၁၄ လမ်းရှိ နှင်းဆီခြံသို့ စက်ဘီးကိုယ်စီ စီးလျက် သွားကြမည်။ နှင်းဆီခြံရောက်လျှင် မော်သင်းက သူ့ကောင်မလေးနှင့် စကားတဝေဝေပြောဆိုနေမည်။ ကျွန်တော်က နှင်းဆီခြံရှိ အိမ်ရာခြံမြေတွေကို ငေးမောနစ်မျောနေတတ်သည်။

နှင်းဆီခြံသည် နှင်းဆီပန်းရနံ့တို့နှင့် မွေးအီနေပြီး သီးခြားပန်းကမ္ဘာလေးအဖြစ် တည်ရှိနေသည်။ ကားဟွန်းသံမှအစ ခွေးဟောင်သံပင် မကြားရ။ မော်သင်းတို့ စကားဝိုင်းမှ ရယ်သံလွင်လွင်လေးတွေသာ တစ်ချက်တစ်ချက်ကြားနေရသည်။ နှင်းဖြူဖြူတို့က အဖွေးလိုက် ကျဆင်းနေသည်။ နှင်းဖြူဖြူထဲတွင် လမ်းမီးတိုင်မှ မီးရောင်တို့က ရှန်းကန်လူးလွန့်လျက်။ ကျွန်တော်က မော်သင်းတို့ စကားဝိုင်းတွင် မပါဘဲ တိတ်ဆိတ်သော ညအရသာကို ခံစားနေမိသည်။ မော်သင်းနှင့် သူ့ကောင်မလေးတို့ စကားတွေ အားရအောင် ပြောပြီး ပြန်ကြမည်။ ထိုအခါ နှင်းဆီခြံသည် စောစောကထက် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်နေခဲ့မည်။

ညအိပ်ရာဝင်ခါနီးလျှင် ဒိုင်ယာရီရေးတတ်သည်မှာ ကျွန်တော်၏ အကျင့်ပင်ဖြစ်သည်။ အခုတလော နေ့စွဲကျော် ဒိုင်ယာရီတွေ ဖြစ်နေသည်။ မရေးဖြစ်သည့် နေ့ရက်တွေက များသည်။ နေ့စဉ်ကြုံတွေ့နေရသည့် အကြောင်းအရာတွေက သိပ်ထူးဆန်းခြင်းမရှိ၍ ဖြစ်သည်။ ကျောင်းတက်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ စာဖတ်၊ ကဗျာစပ်၊ ပန်းချီဆွဲသည့်အကြောင်းအရာတွေချည်း စာအုပ်ထဲ ထပ်နေသည်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်ကဆိုရင်တော့ ဒိုင်ယာရီထဲတွင် ကျွန်တော်နှင့် ချစ်ခင်ရင်းနှီးခဲ့ဖူးသော စာရေးဖော် သူငယ်ချင်းမအကြောင်းတွေ အများဆုံးရေးခဲ့ဖူးသည်။ သူမနှင့် ကျွန်တော် ရေနီမြောင်းဘေးအတူ လမ်းလျှောက်သည့်အကြောင်း၊ ဘူးသီးကြော်ဆိုင်အတူထိုင်သည့်အကြောင်း၊ မဟာမုနိဘုရားအတူသွားဖူးမြော်ခဲ့ကြသည့်အကြောင်း၊ မန္တလေးတောင်အတူတက်ခဲ့ကြသည်မှာ တောင်ပေါ်က မြေကြီးနှစ်ကောင်ပင် သိလိမ့်မည်ဆိုသည့်အကြောင်းစသည်ဖြင့် ဘယ်သွားသွား၊ ဘယ်လာလာ သူမနှင့်သာ ဖြစ်သည်ကို ကျွန်တော့်ဒိုင်ယာရီစာအုပ်က သက်သေခံလျက်ရှိသည်။

သို့သော် ကျွန်တော်နှင့် သူမသည် အနုပညာအရေးကိစ္စများသာလွှဲ၍ နှလုံးသားအရေး ဆွေးနွေးငြင်းခုန်ခြင်း မရှိကြပါ။ သံယောဇဉ်အရောင်များ စွန်းထင်းခြင်း မရှိခဲ့ပါ။ အဖြူရောင်ရင်းနှီးမှုမျိုးဖြင့် အတူသွားလာနေကြခြင်းသာ ဖြစ်ပါသည်။

ယခုတွင် သူမနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို ဒိုင်ယာရီစာမျက်နှာပေါ်တွင် မရေးမှတ်နိုင်ခဲ့တော့ အနုပညာအတွေးအခေါ် အယူအဆတစ်ခုနှင့် ပတ်သက်၍ အပြီးတိုင်လမ်းခွဲခဲ့ကြသည်။ သူမသည် ကျွန်တော့်ဘဝထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။ သို့ကြောင့်လည်း ကျွန်တော့်ဒိုင်ယာရီစာအုပ်သည် နေ့စွဲကျော် ဒိုင်ယာရီများအဖြစ် ရေးဖြစ်နေခြင်း ဖြစ်လိမ့်မည်။

ကျွန်တော်မည်မျှ အတွေးလွန်သွားသည်မသိ။ လက်ဖက်ရည်ဆိုင်မှ ကက်ဆက်သီချင်းဖွင့်သံကြားလိုက်တော့မှ ယခုလက်ရှိထိုင်နေသောနေရာကို သတိရမိတော့သည်။ ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်နေတာပါလား။ သီချင်းသံကို နားထောင်နေလိုက်မိသည်။ ကျွန်တော်ကြိုက်သော ခင်ဝမ်း၏ 'မန္တလေး' သီချင်းဖြစ်နေသည်။

**×××ကြာပန်းလေးတွေ ကျုံးရေမှာ ပွင့်နေ×××ရွှေမန်းပေါက်မှာ ဆုံမယ်×××တမာရွက်ကလေးတွေ ပြန့်ကျဲနေတဲ့ အဆောင်ရဲ့ ရှေ့ကို မောင်ရောက်ရင်×××**

လက်မှ နာရီကို ကြည့်မိသည်။ (Quantum)တက်ရမည့် အချိန်ဖြစ်သည်။ ခင်ဝမ်းသီချင်း နားထောင်ချင်သော်လည်း အတန်းတက်ရန်ရှိသေးသဖြင့် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။ ခင်ဝမ်းသီချင်းသံနှင့် လက်ဖက်ရည်ဆိုင်ထဲရှိ ကျောင်းသား၊ ကျောင်းသူတို့၏ အသံများမှာ ဝိုးဝါးစွာဖြင့် ကျန်ရစ်ခဲ့လေပြီ။

မန္တလေးတက္ကသိုလ်
နှစ်(၁၀၀)ပြည့်အား
ဂုဏ်ပြုရေးဖွဲ့ပါသည်။
၁၉၈၅ စာသင်ရက်များသို့---



## လူထုအခြေပြုဗဟိုဌာနတွင် လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ မတ် ၂၂ ရက် နံနက် ၉ နာရီက လူငယ်ရေးရာဟောပြောပွဲကို ကျင်းပသည်။

အဆိုပါ လူငယ်ရေးရာ ဟောပြောပွဲတွင် မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော်က အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်ရေးရာ အသိပညာပေးဟောပြောမည့် မဲခေါင်စာပေဆုနှင့် အမျိုးသားစာပေဆု(လူငယ်စာပေဆု)ရှင် စာရေးဆရာ အကြီးကိုကို (ကသာ)၏ ကိုယ်ရေးအကျဉ်းကို အခမ်းအနားမှူးက ဖတ်ကြားသည်။ ဆက်လက်၍ ပထမတန်းစားလူ၊ ပထမတန်းစားနိုင်ငံ ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာများကို စာရေးဆရာ အကြီးကိုကို(ကသာ)က ဟောပြောသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် ပြည်သူ့စာကြည့်တိုက်အတွက် ၄င်းရေးသားထုတ်ဝေခဲ့သော သုတရသစာအုပ်များကို စာရေးဆရာအကြီးကိုကို (ကသာ)က လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်ထံသို့ ပေးအပ်လှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူးက အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

အဆိုပါ လူငယ်ရေးရာဟောပြောပွဲသို့ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် အသိပညာဗဟုသုတ ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုနိုင်သည့် ကျောင်းသူ၊ ကျောင်းသားများအား စာရေးဆရာ အကြီးကိုကို (ကသာ)က အမှတ်တရ စာအုပ်လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၅၃)**

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပ

**ဇေယျာသီရိ မတ် ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက် အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇေယျာသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ တပ်မတော်ဖွဲ့စည်းထူထောင်ခဲ့ပုံ အဆင့်ဆင့်နှင့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များကိုလည်းကောင်း အကျယ်တဝင့် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်းများကို ဟောပြောပွဲသို့ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ပြီး မိမိတို့ ဖတ်ရှုလိုသည့် စာအုပ်၊ စာစောင်များကို ငှားရမ်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



## နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲ ပြုလုပ်



**မန္တလေး မတ် ၂၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်ရုံး Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပါယ်က အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ ဆရာဦးဖိုးချစ်က သင်တန်းသား၊ သင်တန်းသူများ ရေးဆွဲထားကြသော ပန်းချီများအား အကဲဖြတ်ထားပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိက သင်တန်းသား၊ သင်တန်းသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

နွေရာသီအားလပ်ရက်များကို အကျိုးရှိစွာ အသုံးပြုကြစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယခုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၉၃)**








## နွေပန်းချီသ မန္တလေးမြို့အလှ

* ဂိမှာန်ခါသင့် ၊ ကြွေလင့်လက်ပံ
မြေမှာလွှမ်းကျ ၊ နီလျှသွေးပြန်
အညာမြေဟန် ၊ တည်စံမှန်းဆပ်
တင့်လုပန်းချီ ၊ နွေရာသီ
မြန်ပြည်အဝှမ်း ၊ ထင်ဟပ်သည်တည့်လေး ။

* ချိန်မှန်နွမ်းအပ် ၊ ကြွေးထပ်ရွက်ဝါ
လေမယ်လွင့်လူး ၊ ဆင့်ကူးယှက်ဖြာ
ကြည့်မြင်မိရာ ၊ မျှော်ကာမခန်း
စိတ်မယ်ကြည်လင် ၊ အေးမြရွှင်
ရင်ခွင်ခြုံသိုင်း ၊ ညှို့လွှမ်းသည်တည့်လေး ။

* တမာရွက်ပန်း ၊ စိမ်းလန်းပင်ဝေ
ပင်ယံကိုင်းခက် ၊ ညွတ်လျက်ပါလေ
ဥသြသီခြွေ ၊ ရင်မောပြေသွား
နေ့လအရောင် ၊ ကြည်လင်ဆောင်
ဝင်းပြောင်းဖြာဆပ် ၊ နွေအားသည်တည့်လေး ။

* ကျောင်း ကန် ဘုရား ၊ ခိုနားရိပ်မယ်
ဥပုသ်သီလ ၊ စောင့်ကြကာရယ်
မေတ္တာကမ်းသွယ် ၊ ကောင်းမှုသယ်လို့
တရားရိပ်ခို ၊ ချစ်ကြင်ပို
စိတ်ပျိုကိုယ်နု ၊ ချမ်းမြေ့သည်တည့်လေး ။

* မြို့မန္တလေး ၊ ငြိမ်းအေးသာယာ
တောင်ယာစပါး ၊ ဝင့်ကြွားထည်ဝါ
ပြည့်ကျီရိက္ခာ ၊ ဖူလုံကာပ
နှစ်ကူးလနော် ၊ တပေါင်းခေါ်
ရွှင်ပျော်ဆန်းသစ် ၊ မြတ်လုသည်တည့်လေး ။

* လျှမ်းပတင့်ဖြာ ၊ ရေးကာညွှန်းတော့မည် ။
ချမ်းမြဆင့်ရာ ၊ တွေးကာမွှန်းပေ့ါတည် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Best of Me တွင် Michelle Monaghon ပါဝင်သရုပ်ဆောင်ထား



မင်းသမီးမစ်ရှယ်လီမိုနာဟန် ပါဝင်သရုပ်ဆောင်ထားသည့် The Best of Me တွင် လူ့ဘဝအတွင်းဖြစ်တည်လာ၍ မလွဲမသွေတွေ့၊ ဆုံ၊ ကြုံ၊ ကွဲရမည့် အကြောင်းကို ပြီးပြည့်စုံအောင် ပုံဖော်ရိုက်ကူးထားသည်ဟု ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဒုစရိုက်ဖခင်မှ မွေးဖွားလာသည့် သားသုံးယောက်အနက် အငယ်ဆုံးသားမှာ ဖခင်နှင့်ဆန့်ကျင်ဘက်ဖြစ်ခဲ့ပြီး ဖခင်၏ရိုက်နှက်ခံရခြင်းနှင့် ကြီးပြင်းလာခဲ့ရသည်။

သားငယ်၏ ဘဝထဲသို့ မိန်းကလေးတစ်ဦး ဝင်ရောက်လာရာမှ မပြည့်စုံသည့် သားငယ်ဘဝလေးနှင့်ပြီးပြည့်စုံသည့် မိန်းကလေးတို့ ကြမ္မာငင်ကြပုံကို ဖန်တီးတင်ပြထား၍ မျက်ရည်မခိုင်သူများအတွက် လွမ်းခြင်းနှင့်ဝမ်းနည်းခြင်းနှစ်ခုခံစားရကာ ရင်ထဲဆွေးကျန်ရစ်ခဲ့ကြသည်။

မင်းသားဂျိမ်စ်မာစ်ဒန်အန်မန်ဒါနှင့် မင်းသမီးမစ်ရှယ်လီမိုနာဟန်တို့ အဓိကပါဝင်ထားကြသည်။

(SKY)

## တစ်နေကုန်ထိုင်နေပြီးနောက် လေ့ကျင့်ခန်းလုပ်သော်လည်း နှလုံးအပေါ် ဆိုးကျိုးများကို ပပျောက်မည်မဟုတ်



အမေရိကန်သုတေသီများ၏ လေ့လာမှုတစ်ခုအရ တစ်နေ့တာလုံး ထိုင်နေပြီးနောက် လေ့ကျင့်ခန်းလုပ်ခြင်းသည် နှလုံးကျန်းမာရေးအပေါ် ထိုင်နေသောအပြုအမူ၏ ဆိုးကျိုးများကို ပပျောက်စေရန် မလုံလောက်နိုင်ကြောင်း ထောက်ပြထားသည်။

အလယ်အလတ်မှ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို လိုက်နာခြင်းသည်ပင်လျှင် နေ့စဉ်ဘဝတွင် အလွန်အကျွံထိုင်နေခြင်းကို ဆက်လက်ပြုလုပ်နေပါက နှလုံးနှင့်ဆိုင်သော အန္တရာယ်ကို လျှော့ကျစေရန် မလုံလောက်နိုင်ကြောင်း အမေရိကန်နှလုံးသုတေသနကောလိပ်ဂျာနယ်တွင် ဖော်ပြသည်။

ထိုလေ့လာမှုတွင် ထိုင်နေခြင်း၊ လဲလျောင်းနေခြင်း သို့မဟုတ် လှဲနေခြင်းကဲ့သို့ အားအင်သုံးစွဲမှုနည်းသော နိုးကြားနေစဉ် လှုပ်ရှားမှုများကို ထိုင်နေသောအပြုအမူအဖြစ် သတ်မှတ်ထားသည်။

ကြာရှည်စွာ ထိုင်နေခြင်းသည် နှလုံးရောဂါ၊ အထူးသဖြင့် နှလုံးပျက်စီးခြင်းနှင့် နှလုံးနှင့်ဆိုင်သော သေဆုံးမှုများ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသော်လည်း ထိုင်နေသောအချိန်ကို အခြားလှုပ်ရှားမှုများဖြင့် အစားထိုးခြင်းသည် ထိုအန္တရာယ်များကို သိသိသာသာ လျှော့ကျစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

SCI

## Chooyoungwoo က အဆိုတော်၊ သရုပ်ဆောင်ဖြစ်၍ ဇာတ်ဝင်တေးများ သီဆိုထား

ပရိသတ်ကြား The Trauma Code နှင့် ကျော်ကြားလာသည့် ချူယောင်းဝူးသည် သရုပ်ဆောင်မဖြစ်မီက အဆိုတော်တစ်ဦးဖြစ်ခဲ့ကာ ဇာတ်ဝင်တေးများလည်း သီဆိုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ချူယောင်းဝူးသည် တက္ကသိုလ်မတက်မီက ဂျေဝိုင်ပီမှ အဆိုတော်အဖြစ် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကာ အဆို၊ အကအနည်းငယ်ရပြီး သရုပ်ဆောင်ကို အားသန်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ဘီအယ်လ် စီးရီးနှင့် ပွဲဦးထွက်ခဲ့ပြီး အသက် ၂၅ နှစ်တွင် Lady Ok နှင့် အသိအမှတ်ပြုခံခဲ့ရပြီး ဒရမ်မာဇာတ်ဝင်တေးသီချင်းများလည်း သီဆိုထားကာ The Trauma Code နှင့် "စအို"အဖြစ် အမည်ပြောင်ကို နှစ်သက်၍ ကျော်ကြားခဲ့သည်။ (SKY)

## Hwang Min Hyun က Studu Group အတွက် လေ့ကျင့်မှုတွင် Yoga ကျင့်စဉ်ပါ ကျင့်ခဲ့ရ



နာမည်ကျော်ကြား လူကြိုက်များခဲ့သည့် ဒရမ်မာကား Study Group အတွက် အဓိကမင်းသား ဟွမ်မင်ဟန်က ဖိုက်တင်လေ့ကျင့်မှုများအပြင် ယောဂကျင့်စဉ်များကိုပါ ရှစ်လကြာကြိုတင်ပြင်ဆင်ခဲ့ရကြောင်းကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဒရမ်မာဇာတ်လမ်းအတွက် ဟွမ်မင်ဟန်မှာ ဖိုက်တင်ခန်းများ လေ့ကျင့်ခဲ့ရသည့်အပြင် ယောဂကျင့်စဉ်များကျင့်ရန် ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့်စိတ်တည်ငြိမ်မှုရရှိရန်အတွက် ရှစ်လကြာ လေ့ကျင့်ခဲ့ရသည်။

ဟွမ်မင်ဟန်က ယောဂကျင့်စဉ် အာဆနများအနက် ဝက္ကရာသန (Va Kra Sana)နှင့် အ(ရ်)ဓပေ(ဒ်)မဟာလာသန (A rda Padma Halasana) ကျင့်စဉ်များကို ခါး၊ တင်ပါး ပိုပျော့ပျောင်းစေရန်အတွက် ကျင့်ခဲ့ရသည့်ပုံများ ထွက်ပေါ်လာရာ ယောဂချစ်သူများက နှစ်ခြိုက်စွာ အားပေးထားကြသည်။

ကျောင်းသားဇာတ်လမ်းဖြစ်ပြီး Study Group ဖွဲ့နိုင်ရန် ကြိုးပမ်းခဲ့ပုံများကို ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ (SKY)

## တရုတ်အနုပညာ QQ Music တွင် G Dragon က ကြိုက်နှစ်သက်သူများပြား



တရုတ်အနုပညာလောကမှ ခုနစ်နှစ်တာ ပိတ်ပင်ထားသည့် ကိုရီးယားအစီအစဉ်များကို ဂျီဒရယ်ဂွန်၏ ဂီတနှင့် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး QQ Music တွင်လည်း ကြိုက်နှစ်သက်သူအများဆုံး အနုပညာရှင်အဖြစ် ဖော်ပြထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် တရုတ်အနုပညာလောကတွင် Korean Content ကို Ban ထားသည့်ကြားမှ တရုတ်ကုမ္ပဏီနှင့် ads Campaign လုပ်ခဲ့သည့် တစ်ဦးတည်းသော ကိုရီးယားအနုပညာရှင်ဖြစ်ကာ နဂါးမြေဟု ဆိုရလောက်အောင် ဂျီဒရယ်ဂွန်ကို သည်းသည်းလှုပ် ဖြစ်ခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာသည့်တိုင် ဂျီဒရယ်ဂွန်နှင့် တစ်သန်း၏ သီချင်းဟောင်းများ တရုတ်တွင် လွှမ်းမိုးနေဆဲဖြစ်ပြီး ဂျီဒရယ်ဂွန် စံချိန်ကို ချိုးနိုင်သူမရှိဖြစ်ခဲ့ကာ ရှာဖွေကြည့်ရှုနှုန်းများပြားခဲ့ပြီး တရုတ် Home Sweet နှင့် Power မှာ လွန်ခဲ့သည့်နှစ်အတွက် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ပြီး QQ Music တွင် ကြိုက်နှစ်သက်သူများပြားခဲ့သည်။

(SKY)

## Rapper Doja Cat က Lisa ၏ Alter Ego တွင် တေးရေးအဖြစ် ပါဝင်

ရက်ပ်ပါဒိုဂျာကက်ကို ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာ၏ တစ်ကိုယ်တော်ဂီတ Alter Ego တွင် ရက်ပ်တေးရေးဆရာအဖြစ် မြင်တွေ့ရပြီး သီချင်း ၁၅ ပုဒ် အပါအဝင်ကမ္ဘာကျော်အဆိုတော်များနှင့် အားဖြည့်ထွက်ရှိလာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာ၏ အဆိုပါအယ်လ်ဘမ်တွင် သီချင်း ၁၅ ပုဒ်ချထားရာ Born Again ကို ဒိုဂျာကက်နှင့်ရာရီတို့က အားဖြည့်ထားပြီး ရာရီ၏ သီချင်းမူကြမ်းကို ပြန်လည်ဝယ်ယူ၍ အဆိုရှင်ကိုပါ ကမ်းလှမ်းခဲ့ကာ ရက်ပ်ပါဒိုဂျာကက်၏ စာသားများနှင့် ရုပ်ကြွစေခဲ့သည်။

လီဆာ၏ မွေးသည့်နှစ်တွင် ထွက်သည့် သီချင်းဖြစ်သည့် Moonlit Floor မှာလည်း မူရင်းဗြိတိန်အဖွဲ့သီချင်းကို အမည်သစ်နှင့်ပြန်လည်ရေးသားသီဆိုထားပြီး မော်ဂန်မာရီ၊ တေလာဆွစ်၊ ဖူတူရာ၊ ရိုဆယ်လီယာ၊ ဒိုဂျာကက်နှင့် ရာရီတို့က အားဖြည့်သီဆိုပေးထားကြသည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် ထွက်ရှိခဲ့သည်။

(SKY)



## BTS မှ V@Kim Taehyung က တစ်လကြာမှ ပေါ်လာပြီး Worldwide Google Trend တွင် ထိပ်ဆုံးရောက်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် V(ခေါ်)ကင်ထယ်ယောင်းသည် သင်တန်းတာဝန်များနှင့် တစ်လကြာမှ အင်တာနက်ပေါ်တွင် ပြန်ပေါ်လာခဲ့ရာမှ Worldwide Google Trend တွင် ရှာဖွေကြည့်ရှုမှု အများဆုံးနှင့်ထိပ်ဆုံးနေရာ ရောက်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် သူပထမဆုံးတင်ထားသော ပို့စ်မှာ ၂၄ နာရီမပြည့်မီ ဆယ်သန်းကျော် ကြိုက်နှစ်သက်ခဲ့ကြပြီး အမေရိကန်၊ ယူကေ၊ ဂျပန်၊ ဘရာဇီး၊ ဩစတြေးလျ၊ ဆွီဒင် အပါအဝင် နိုင်ငံပေါင်း သုံးဆယ်ကျော်နှင့် ကမ္ဘာပေါ်တွင် ရှာဖွေမှုအများဆုံး အနုပညာရှင်ဖြစ်ခဲ့သည်။

တောင်ကိုရီးယားတွင် ထိပ်ဆုံးစာရင်းဝင် Naver တွင် အဋ္ဌမနေရာအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်းသုံးဆယ်ကျော်ကိုပါ သိမ်းပိုက်နိုင်ခဲ့သည်။

ဗီ(ခေါ်)ကင်ထယ်ယောင်း တစ်လကြာပြီးနောက်မှ ပြန်ပေါ်လာကာ Internet Massive Buzz ဖြစ်သွားစေခဲ့သည်။

(SKY)





# သုခမ္မာ ဇရပ်ရိပ်က အတိတ်မြင် အလွမ်း(၂)

မောင်လောက

အဘိုးတို့၏ သုခမ္မာဇရပ်ရိပ်က အတိတ်မြင် အလွမ်းကား မရပ်သေး။ အဘိုးတို့သည် ဆက်၍ လွမ်းနေကြ၏။ တစ်ခါတစ်ရံ ပစ္စုပ္ပန်ကိုပင် မြင်အောင် ကြည့်လိုက်ကြသေး၏။ အချို့သော အဘိုးတို့က ရှေ့တစ်ခေါ် မျှော်၍ပင် ကြည့်လိုက်သေး၏။ အတိတ်က အဘိုး၊ ပစ္စုပ္ပန်အဘိုး၊ အနာဂတ်အဘိုးဟူ၍ပင် ဆိုလိုက်ချင်တော့၏။

‘လွန်ခဲ့တဲ့ ဥပုသ်နေ့တုန်းက ရှမ်းမင်းသမီးစောမွန်လှနဲ့ ရွှေစာရံဘုရားမှာ စကားတွေ ရပ်နားခဲ့တယ်နော် ကိုကြီးကြွက်ချေးရေ။ ဒီနေ့တော့ တောင်ပိုင်းက ထီးပေါင်းကားဘုရားတွေ အကြောင်း ဆက်ကြဦးစို့လေ။’

‘ဟုတ်ပါ့ ကိုကြီးစိန်တင်ရာ ဘိုးတော်ဘုရားက ‘အင်းအိုင်ဝိုင်းလည်မြို့ကြီးတည်’ ဆိုတဲ့ အက္ခရာကောက်ကိန်းနဲ့အညီ သက္ကရာဇ် ၁၁၄၄ ခုနှစ်မှာ ထီးပေါင်းကားတောင်ပိုင်းမှာ အမရပူရမြို့ကြီး တည်ခဲ့တယ်လေ။ အဲဒီအချိန်ကစပြီး ထီးပေါင်းကားရဲ့ တောင်ပိုင်းအရပ်ဟာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်လို့ ဆိုနိုင်ပြီပေါ့။ သာသနာရောင် ထွန်းပြောင်တဲ့အရပ်လို့လဲ ပြောရမှာပါပဲ။’

‘ဟောဒီ အမရပူရမြို့ထဲမှာ မှန်တန်းရပ်ဆိုတဲ့ အရပ်တစ်ခုရှိတာ ကိုကြီးပိန် မှတ်မိတယ်မလား။’

‘မှတ်မိတယ်လေ ကိုကြီးရွှေမှဲ့ရဲ့ အဲဒီမှန်တန်းရပ်ထဲမှာ သာသနာနှစ် ၂၃၆ ခုနှစ်တုန်းက သီရိဓမ္မာသောကမင်းကြီးက စေတီကြီးတစ်ဆူ တည်ခဲ့တယ်။ သက္ကရာဇ် ၁၁၄၅ ခုနှစ်ရောက်တော့ အမရပူရမြို့တည်၊ နန်းတည် ဘိုးတော်မင်းတြားကြီးက အသောကမင်းကြီးရဲ့ စေတီကိုပဲ အသစ်မွမ်းမံ တည်ထားကိုးကွယ် လိုက်ပြန်တယ်။ ဘွဲ့တော်ကိုတော့ ‘ရွှေကူကြီး’ ဘုရားလို့ ပြောနေကြတယ် မဟုတ်လား။’

‘တောင်မင်းကြီး အသည်ဝန် မဟာမင်းလှကျော်စွာ တည်ထားတဲ့ ဘုရားတစ်ဆူလည်း ရှိသေးတယ်မဟုတ်လား ကိုကြီးဖိုးမှိုင်းရဲ့’

‘ရှိတာပေါ့ ကိုကြီးတုတ်ပေါ်ရာ။ သက္ကရာဇ် ၁၁၄၈ ခုနှစ်က တည်ထားခဲ့တာလေ။ တောင်သမန်အင်းရဲ့ အနောက်ဘက်ကမ်းနဖူး ဦးပိန်တံတားထိပ်မှာ ရှိတယ်လေ။ လူသိများတဲ့ ဘွဲ့ကတော့ ‘တောင်မင်းကြီး’ ဘုရားတဲ့။

‘မှန်တန်းရပ်ထဲမှာပဲ ထူးခြားတဲ့စေတီကြီးတစ်ဆူ ရှိသေးတယ်။ ဘွဲ့တော်က ‘ပုထိုးတော်ကြီး’ လို့ လူသိများတယ်။ ရှေးတုန်းကတော့ ‘မဟာဝိဇယရံသီ ပုထိုးတော်ကြီး’ လို့ ဘွဲ့တော်ကြီး မှည့်ခဲ့တယ်။ သက္ကရာဇ် ၁၁၈၁ ခုနှစ်က တည်ထားခဲ့တာပေါ့။ ဘုရားတည် ဒါယကာကတော့ ဘကြီးတော်မင်း ဖြစ်ပါတယ်။’

‘တောင်သမန်ရွာထဲက ဇေရာမဘုရားကြီး အကြောင်းကိုကော မပြောတော့ဘူးလား ကိုကြီးချမ်းအေးရာ’

‘ပြောရမှာပေါ့ ကိုကြီးရာစံရယ် ဒီတောင်သမန်ရွာထဲမှာ ‘ကျောက်တော်ကြီး’ လို့ ပြောနေကြတဲ့ ဘုရားကြီးရဲ့ဘွဲ့တော်က ‘မဟာသကျရံသီ ကျောက်တော်ကြီး’ လို့ ဘွဲ့တော်ချီခဲ့တယ်လေ။ သက္ကရာဇ် ၁၂၁၁ ခုနှစ်မှာ တည်ထားခဲ့တာပေါ့။ ပုဂံမင်းက တည်ထားခဲ့တာ ဖြစ်ပါတယ်။’

‘မသိသူကျော်သွား သိသူဖော်စား ပြဒါးသေ တဆွေဝ သံသေ တပြည်ဝ ဆိုတဲ့ စကားလေးရဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပြစမ်းပါ ကိုကြီးချမ်းအေးရာ’

‘ဩော် … ဒါလား ကိုကြီးဖိုးမှိုင်းရဲ့ မသိသူကျော်သွား ဆိုတာကတော့ ဂမ္ဘီရပညာတွေကို စူးစူးစိုက်စိုက် မသင်ယူကြဘဲ ရေပေါ်ဆီလုပ်နေကြတာတွေကို ပြောတာပါဗျာ။ ဆူလွယ်၊ နပ်လွယ် လူမျိုးကို ပြောတာပေါ့။ ပြဒါးသေ တဆွေဝ ဆိုတာကတော့ လျှိုတစ်ရိုးမှာ ဖိုလ်ထိုးလို့ ပြဒါးသေသွားပြီဆိုရင်တော့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ဆင်းရဲတွင်းက လွတ်ကင်းပြီး ချမ်းသာကြွယ်ဝသွားတာကို ပြောတာပါဗျာ။ သံသေတပြည်ဝဆိုတာကတော့ သက်သေနဲ့တကွ ပြမယ်လေ။’

‘ဘယ်လို သက်သေပြမလဲ ကိုကြီး ချမ်းအေးရာ။’

‘အမရပူရမြို့အနောက်ပိုင်း မန္တလေး-စစ်ကိုင်းသွား ကားလမ်းရဲ့ကပ်ရပ် အနောက်ဘက်ဘေးမှာ ဆင်ကြိုရွှေကူဘုရားဆိုတာ အခုချိန်ထိ ရှိတယ်။ အဲဒီဘုရားအတွင်းမှာ သံသေကပ်ကျော်ဆိုတဲ့ ဘုရားတစ်ဆူရှိတယ်။ သက္ကရာဇ် ၁၁၇၇ ခုနှစ်တုန်းက ဘိုးတော်ဘုရား တည်ထားခဲ့တဲ့ဘုရားပါ။ ဗားမဲ့ဆရာတော်ကြီးဟာ လျှိုတစ်ရိုးမှာ ဖိုလ်ထိုးခဲ့တယ်။ အဲဒီ ဗားမဲ့ဆရာတော်ဘုရားကြီးထံကရတဲ့ သံသေဓာတ်လုံး ၂၇ လုံးကို သွန်းလုပ်ပူဇော်ခဲ့တဲ့ဘုရားဖြစ်တယ်။ ဆင်းတုတော်ရဲ့ ၂၁ နေရာမှာ သံသေတော်မူပြီး သံလိုက်ခြင်းမရှိတာကို တွေ့ရတယ်။ ဒီ ဗားမဲ့ဆရာတော်ရဲ့ သံသေဓာတ်လုံးကြောင့် တစ်ပြည်လုံး ဝခဲ့တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့ မရပါဘူး ကိုရင်ဖိုးမှိုင်းရာ’

‘နေပါဦး ကိုကြီးချမ်းအေးရာ ဟိုပုဂံက ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတစ်ပါးအကြောင်းကိုရော ဆက်စပ်လို့မရဘူးလားဗျာ’

‘ရတာပေါ့ ကိုကြီးစီလန်ရာ၊ ပုဂံပြည်မှာ ဝိဇ္ဇာမိုရ် ဆရာတော်ဘုရား အရှင်အဓ္ဓဂေါနဟာလည်း လျှိုတစ်ရိုးမှာ ဖိုလ်ထိုးတယ်လေ။ တစ်ချိန်မှာ သံသေဓာတ်လုံးကြီး အောင်သွားတယ်။ အဲဒီ သံသေဓာတ်လုံးကြီးရဲ့ တန်ခိုးကြောင့် ပုဂံတစ်ပြည်လုံးမှာ ရွှေမိုးတွေ ရွာတယ်၊ ငွေမိုးတွေ ရွာတယ်။ မုဆိုးဖိုမှ ဘုရားတည်၊ ကျောင်းဆောက်၊ အလှူကြီးတွေ ပေးနိုင်ခဲ့ကြတယ်။ စည်သံ၊ ဗြောသံတွေ ညံခဲ့တယ်။ ဒါဟာ သံသေ တပြည်ဝပဲပေါ့ ကိုကြီးစီလန်ရာ’

‘ထီးပေါင်းကားအရပ် မြောက်ဘက်အစွန်းမှာ တည်ထားတဲ့ ဘုရားကတော့ လူလောကရဲ့ အထူးခြားဆုံး ဘုရားလို့ ပြောရမှာပဲ ကိုကြီးစိန်တင်ရဲ့။ ဒီနေ့ခေတ်မြေပြင်အရပြောရရင် မဟာမုနိဘုရားရဲ့တောင်ဘက် ကျွန်းလုံးဥသျှောင်ရပ်၊ ၈၄လမ်း၊ ရွှေအိုးတန်းရပ်မှာရှိတဲ့ ‘သားတော်ရ’ ဆိုတဲ့ ဘုရားဟာ တကယ့်ကို ထူးခြားတဲ့ဘုရားတစ်ဆူလို့ ပြောရမယ်ထင်တယ်’

‘သားတော်ရဘုရားဟာ ဘယ်လိုထူးခြားတာလဲ ကိုကြီး ထွန်းမြရဲ့။ ဒီသားတော်ရဘုရားကို တည်တာဟာ ဘုရားဒါယကာမဟုတ်ဘဲ ဒါယိကာမ နှစ်ယောက်ဖြစ်နေတာကိုက ထူးခြားနေတာပဲ ကိုကြီးအယ်ဘောရာ။ ပထမဘုရားတည်တဲ့ ဒါယိကာမက ဒွတ္တပေါင်မင်းကြီး၏မိဖုရား စောမြဝတီလို့ဆိုတယ်။ အဲဒီမိဖုရား စောမြဝတီဟာ သရေခေတ္တရာ ပြည်မြို့ကနေ ရေကြောင်းခရီးနဲ့ သူ့ရဲ့ဇာတိ မိုးမိတ်မြို့ကို ဆန်တက်လာခဲ့တယ်။ ထီးပေါင်းကားအရပ်ရဲ့ တောင်ဘက်ပိုင်း မြောက်ဘက်ဝိုင်း ရောက်တဲ့အခါ သားတော်တစ်ပါးဖွားမြင်ခဲ့တယ်။ မိဖုရားစောမြဝတီဟာ သူ့ရဲ့ နားတောင်းအစုံနဲ့ လက်ဝတ်ရတနာအားလုံးတို့ကို ဌာပနာပြီး ‘သားတော်ရ’ ဘုရားကို တည်ထားခဲ့တယ်လို့ သိမှတ်ရတယ် ကိုကြီးစိန်ခိုရေ’

‘ဘုရားအမက နှစ်ယောက်ဆို ကိုကြီးချမ်းအေးရဲ့’

‘ဟုတ်တယ်လေ ကိုကြီးထွန်းမြရဲ့။ အမရပူရမြို့ကို စတင်တည်ထောင်သူ ဗဒုံမင်းရဲ့မိဖုရား သီရိမဟာမင်္ဂလာဒေဝီက ဒုတိယအကြိမ် မွမ်းမံ တည်ထားခဲ့တယ်လေ။ ဒါကြောင့် ‘သားတော်ရ’ ဘုရားရဲ့ ဒါယိကာမဟာ နှစ်ယောက်ဆိုတာ အခိုင်အမာပြောနိုင်ခဲ့တာပေါ့ဗျာ။ ဒီသားတော်ရဘုရားထံလာပြီး သားဆုပန်ရင် သားတော်ရတယ်လို့ အနယ်နယ်အရပ်ရပ်က လာရောက်ပြီး သားဆုပန်ကြတဲ့ အမျိုးသမီးတွေဟာလည်း နေ့စဉ်နေ့တိုင်း တဖွဲဖွဲနဲ့ မစဲကြတာကို အခုတိုင်အောင် မျက်မြင်ဒိဋ္ဌတွေ့နိုင်ကြပါသေးတယ်။’

‘သားတော်ရဘုရားရဲ့ အရှေ့တောင်ယွန်းယွန်း တစ်ခေါ်လောက်အကွာမှာလည်း ထူးခြားတဲ့ ဘုရားတစ်ဆူရှိသေးတယ်ဆို ကိုကြီးချမ်းအေးရဲ့’

‘ဟုတ်ပါ့ ကိုကြီးရာခိုရာ ‘မြေစွန်းဝန်ဘုရား’ လို့ ခေါ်တယ်ဗျ။စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၈၁ ခုနှစ်တုန်းက မြေစွန်းဝန်က တည်ထားခဲ့တဲ့ ဘုရားပေါ့။ မြေမပိုင်တဲ့လူတွေ ဒီဘုရားလာပြီး ဆုတောင်းကြရင် မြေပိုင်ဖြစ်တယ်လို့ဆိုပဲ။ ဒါ့ကြောင့် ဒီနေ့ မျက်မှောက်ခေတ်မှာလည်း မြေပိုင်ရချင်သူတော်တော်များများ ဒီဘုရားလာပြီး ဆုတောင်းနေကြတာတွေ တွေ့မြင်နေရတယ်ဗျ’

‘ဘွဲ့တော် အမည်ဆန်းဆန်း ‘အင်းခရု’ ဆိုတဲ့ ဘုရားအကြောင်းကိုလည်း ကြားလိုက်ချင်စမ်းသေးတယ် ကိုကြီးရာကူးရာ’

‘အင်းခရုဘုရားဟာ ပရံတော်ချောင်းအနီးဇောင်းကလောကန်ပေါင်ပေါ်မှာ တည်ရှိတယ်။ ဒီနေ့ခေတ်နဲ့ပြောရရင် သင်ပန်းကုန်းရပ်လို့ ပြောကြတာပေါ့။ အများသိကြတဲ့ မင်းကြီးရန်နောင်လမ်းနှင့် လမ်းဖိဝထောင့်မှာရှိတဲ့ ဘုရားပေါ့။ ဒီဘုရားရဲ့ သမိုင်းကတော့ နည်းနည်းဆန်းကြယ်တယ်။ ပုဂံခေတ် အလောင်းစည်သူမင်းကြီးနဲ့ မင်းရှင်စောတို့ဟာ ဖောင်စကြာနဲ့ တိုင်းခန်းလှည့်လည်လာတယ်။ ဒီနေရာရောက်တဲ့အခါမှာ ခရုကြီးတစ်ကောင်က ဖောင်တော်ကို ကပ်ထားလို့ ဖောင်စကြာကြီးဟာ မရွေ့နိုင်ဘူး။ ဒီနေရာမှာ စေတီတစ်ဆူတည်မယ်လို့ အလောင်းစည်သူမင်းကြီးနဲ့ သားမင်းရှင်စောတို့ အဓိဋ္ဌာန်လိုက်မှ ခရုကြီးဟာ ဇောင်းကလောကန်အတွင်းသို့ သက်ဆင်းသွားတယ်။ ဒီအခါကျမှ ဘုရားလည်းတည်၊ဖောင်တော်လည်းထွက် နှစ်ဖက်ရ အင်းခရုကြီး ဖြစ်သွားခဲ့တာပေါ့’

နှစ်ဘက်ရဘုရားလည်းအပြီး အဘိုးတို့ စကားသံလည်း ရပ်သွားတော့၏။ လာမည့် သီတင်းမှာ လွမ်းချင်းညည်း လွမ်းကြဦးတော့မည် ဖြစ်၏။



## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့တွင် မြို့ပတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကျိုင်းတုံ မတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါခုတ်ကွက်သစ်၊ မြို့ပတ်လမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က အဆိုပါလမ်းတွင် ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က အမှာစကားပြောကြားပြီး နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းတင့်အောင်က ဝေါခုတ်ကွက်သစ်တွင် အရှည် ၄၆၃၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ မြို့ပတ်လမ်းကျောက်ချောလမ်းသစ် ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိ၊ မြို့ဖ ဦးသိန်းထိုက်က လမ်းသစ်ရရှိခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့ပတ်လမ်းကျောက်ချောလမ်းသစ်ကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောက်ချောလမ်းသစ်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များ လိုအပ် ...

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ ဆိုလာများ ဆက်လက်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ ဆိုလာများ ဆက်လက်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနပိုင် ပုံသေပိုင်ပစ္စည်းများကို အကျိုးရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများ ရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများ အနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဆိုလာများထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ ရွှေကသာကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တော်စက်ရုံသို့ ရောက်ရှိပြီး ဆိုလာပြားများ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ရွှေကသာကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆိုလာများအား နေအိမ်သုံးအပြင် စက်မှုလုပ်ငန်းများပါ တပ်ဆင်အသုံးပြုလျက်ရှိသည့်အတွက် ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့်အသုံးပြုနိုင်ရန် စက်ရုံ၌ အရည်အသွေး အာမခံသည့်စနစ်များ ထူထောင်ထားရှိရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်တွင်လည်း အရည်အသွေးကို စနစ်တကျ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝယ်လိုအားများပြားနေသည့် ဆိုလာများအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်ကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ



## မြန်မာ ယူ -၂၂ အသင်း ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းစ်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိ

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းစ်အတွက် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲများအဖြစ် ဟောင်ကောင်တရုတ် ယူ-၂၂ အသင်းနှင့် မတ် ၁၉၊ ၂၂ ရက်နေ့များတွင် ခြေစမ်းပွဲများ ကစားခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။

မြန်မာ ယူ-၂၂ နှင့် ဟောင်ကောင်တရုတ် ယူ-၂၂ အသင်းတို့ ပထမခြေစမ်းပွဲတွင် ဂိုးမရှိ သရေကျခဲ့သလို ဒုတိယခြေစမ်းပွဲတွင်လည်း ၂-၂ ဂိုးဖြင့် ပြီးဆုံးခဲ့ပါသည်။

"အသင်းကို ပြင်ဆင်လေ့ကျင့်မှုက တစ်လဝန်းကျင်ပဲ ရှိသေးတာကြောင့် အချိန်တွေ အများကြီး ကျန်ရှိနေပါသေးတယ်။ ဆီးဂိမ်းမ်အတွက် တဖြည်းဖြည်းပိုကောင်းအောင် တည်ဆောက်သွားမှာ ဖြစ်သလို

✡ စာမျက်နှာ ၄ သို့